# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 14 June 2024 ၁၁၄၈၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

## မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး တိုးတက်အောင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ CDC ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါ ဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ China CDC မှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻



ကြေးမုံ

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်

နိုင်ငံနှင့် ဒေသ ၂၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) က မြန်မာနိုင်ငံအား တိုးမြှင့်စောင့်ကြည့်ခွင့်ရှိသည့် နိုင်ငံနှင့် ဒေသများစာရင်းမှ စိစစ်ဆောင်ရွက်မှုပြုရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသော နိုင်ငံနှင့်ဒေသများစာရင်းသို့ ပြောင်းရွှေ့ထည့်သွင်းခြင်းခံရမှုအခြေအနေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးနောက် ယခုအခါ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွက်လာပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT) လုပ်ငန်းများနှင့် လူအများအပြားကို သေကျေစေသည့် လက်နက်များပြန့်ပွားရေး ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို (FATF) ၏ စံသတ်မှတ်ချက်များနှင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG)၏ အကြံပြုချက်များအတိုင်း စဉ်ဆက်မပြတ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ ရလဒ်ကောင်းများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၌ ငွေကြေးခဝါချမှုကျူးလွန်ပုံနည်းလမ်းများမှာ အိမ်ခြံမြေ၊ မော်တော်ယာဉ်နှင့် အဖိုးတန်ပစ္စည်းများဝယ်ယူခြင်းသည် အများဆုံးဖြစ်ပြီး ယင်းတို့နှင့်ပတ်သက်၍ ငွေကြေးလဲလှယ်ခြင်း၊ ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့် တရားမဝင်ငွေကြေးများရောနှော၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊ အမည်ခံ၊ ဘဏ္ဍာထိန်းများ၊ မိသားစုဝင်များ သို့မဟုတ် တတိယအဖွဲ့အစည်းများအသုံးပြုခြင်း၊ သဏ္ဌာန်ဆောင်ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများအသုံးပြုခြင်း၊ ငွေဆက်သား ငွေကြေးမှောင်ခိုခြင်း၊ အင်တာနက်လောင်းကစားပြုလုပ်ခြင်း၊ ကုန်သွယ်မှုအခြေပြုငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများပြုစုပြီး အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ထံသို့ လေးလတစ်ကြိမ်ပေးပို့ခြင်း၊ ယင်းအဖွဲ့၏ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့များ တက်ရောက်၍ ယင်းအဖွဲ့မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

ရလဒ်ကောင်းများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် လက်ငင်းရလဒ်နှစ်ခုဖြစ်သည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကြီးကြပ်ရေးအာဏာပိုင်များ လုံလောက်စွာခန့်အပ်ခြင်းနှင့် ဘဏ်များကို ကြီးကြပ်စစ်ဆေးခြင်း၊ ၂၀၂၂ ခုနှစ်တွင် လက်ငင်းရလဒ်တစ်ခုဖြစ်သည့် လူအများအပြားသေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (PFTFS) အတွက် ကြီးကြပ်ရေးအာဏာပိုင်များအား သင်တန်းပေးခြင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ငင်းရလဒ်တစ်ခုဖြစ်သည့် PFTFS အတွက် သတင်းပို့အဖွဲ့အစည်းများအား အသိပညာပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ၂၀၂၄ ခုနှစ်တွင် လက်ငင်းရလဒ်တစ်ခုဖြစ်သည့် ကျောက်မျက်နှင့် ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့အား ဆုံးရှုံးနိုင်ခြေ အခြေပြုကြီးကြပ်စစ်ဆေးခြင်း စသည့် စုစုပေါင်းလက်ငင်းရလဒ် ငါးခုကြောင့် ကြီးစွာလိုက်နာဆောင်ရွက်ခြင်း အဆင့်သို့ တိုးမြှင့်ရရှိခဲ့သည်။

FATF က မြန်မာနိုင်ငံအပေါ် သတ်မှတ်ထားသည့် တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့်နိုင်ငံများနှင့်ဒေသစာရင်းမှ ပယ်ဖျက်နိုင်ရေးသည် အရေးကြီးသဖြင့် တိုးတက်ဆောင်ရွက်နိုင်မှုများကို ပြသနိုင်ခဲ့သည်။ FATF က သတ်မှတ်ထားသည့် အချက်များသည် သီးခြားအကြောင်းအရာများမဟုတ်ဘဲ အမျိုးသားအဆင့် မဟာဗျူဟာတွင်ပါရှိသည့်အချက်များဖြစ်သည်။ မဟာဗျူဟာတွင်ပါဝင်သည့် အချက်များကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် FATF ၏အကြံပြုချက်များကို ဆောင်ရွက်ပြီးဖြစ်၍ နိုင်ငံတကာအလယ်တွင် မျက်နှာမငယ်ဘဲ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ရယူထားသော ငွေကြေးပစ္စည်းများ နိုင်ငံတော်၏ ငွေရေးကြေးရေးစနစ်အတွင်း ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရန် ငွေကြေးခဝါချမှုနှင့်ဆက်စပ်သည့် ပြစ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများကို ဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။


## ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် **“1111”** အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် **“အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)”** ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ **PFP** အစီအစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် **Short Code** နံပါတ် **“1111”**မှတစ်ဆင့် **SMS** ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် **SMS** များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuling Bingo အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် BYD Dolphin အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor T03 (Luxury) အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Midmay Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၂၀၀ | ၇၅၈ | ၆,၉၀၆,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၅,၄၉၈ | ၁၇,၆၀၈,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၃၀၀ | ၁၃၅ | ၁,၁၃၂,၈၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၆၆၉ | ၁,၁၇၀,၇၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၉၃၆ | ၁,၇၄၂,၆၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၉၉ | ၉၇၅,၁၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၁,၆၃၃ | ၅,၄၄၀,၅၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အအုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းတို့က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**✻ ရှေ့ဖုံးမှ**

တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ China CDC မှ Deputy Director General ဒေါက်တာလီချွင်နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းတို့က မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

### အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ကမ္ပည်းမော်ကွန်း ကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းရှိ CDC ပြခန်းငယ်၊ မြေညီထပ်ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ ကွပ်ကဲရေးဗဟိုဌာန၊ ဇီဝလုံခြုံမှုအဆင့် ဓာတ်ခွဲခန်းများ၊ နည်းပညာသုံး ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး စနစ်ဆောင်ရွက်သည့် အခန်းနှင့် သင်တန်းသား အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

### အဖွင့်အမှာစကားပြောကြား

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံအတွင်းရှိ Theatre ခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” ကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အခြေခံကျပြီး အရေးပါသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီ အရည်အသွေးပြည့်မီစွာဖြင့် စွမ်းရည်ပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း။

### စီမံထိန်းချုပ်ဆောင်ရွက်နိုင်

ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များ၊ ကပ်အသွင်ဖြစ်ပွားသည့် ကူးစက်ရောဂါများကြောင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများကို ရင်ဆိုင် ကြုံတွေ့ခဲ့ရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု၊ ၂၀၂၃ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့ ကြုံတွေ့ရာတွင် ကြိုတင်ပြင်ဆင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဟန်ချက်ညီညီ အောင်မြင်စွာ စီမံထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ လူများရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့် ပြောင်းလဲလာသည့် လူနေမှုဘဝပုံစံကြောင့် ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များမှ တစ်ဆင့် စတင်ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါများ အပါအဝင် ကူးစက်ရောဂါအသစ်များ ဖြစ်ပွားခြင်း၊ ယခင်ကတည်းက ရှိနေသည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ပြီး ဖြစ်ပွားခြင်းများလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကဲ့သို့ ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားရန်နှင့် ဆန်းသစ်သည့် နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း။

ပြည်သူ့ကျန်းမာရေးလုံခြုံမှုနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် အားကောင်းခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးအဖွဲ့အစည်းများရှိရန် အရေးကြီးသည်ကို သတိပြုမိခဲ့ကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများတွင် Centers for Disease Control and Prevention- CDC ဟု ခေါ်သည့်

**စာမျက်နှာ ၄ သို့ ✻**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။

✻ စာမျက်နှာ ၃ မှ

ရောဂါထိန်းချုပ်ရေး ဗဟိုဌာနများ ဖွင့်လှစ်တည်ထောင်ကြပြီး ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လာကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာန တစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး သင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ကူညီတည်ဆောက်ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း စီမံကိန်းကို တရုတ်ယွမ်ငွေ သန်း ၃၃၀ ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ Myanmar CDC Center ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယခု ဌာနကြီးကို ဗဟိုပြု၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်နိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်း၊ ကူးစက်ရောဂါများအတွက် မရှိမဖြစ် လိုအပ်သည့် ဓာတ်ခွဲခန်းဝန်ဆောင်မှုများကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များနှင့် ဦးစားပေး ပြည်သူ့ကျန်းမာရေး ပြဿနာများကို ဖြေရှင်းရာတွင် ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားလာပါကလည်း ရောဂါပိုးမွှားများ၏ မျိုးရိုးဗီဇနှင့် သဘောသဘာဝများကို မိမိတို့ နိုင်ငံအတွင်း၌ ဓာတ်ခွဲစမ်းသပ်ဖော်ထုတ်နိုင်မည်ဖြစ်၍ ယင်းကူးစက်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ကာကွယ်ထိန်းချုပ် တုံ့ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ခဲ့ပါက ယခုဌာနကို အခြေပြု၍ ဗဟိုအဆင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဌာန တစ်ခုအဖြစ် ဌာနအတွင်း တပ်ဆင်ထားသည့် ကွန်ပျူတာသုံး ပထဝီသတင်းအချက်အလက် စနစ် (GIS)၊ ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် (GPS)စနစ်များကို အသုံးပြုပြီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အစားအစာလုံခြုံမှုဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပြီး အဆိုပါ လုပ်ငန်းများနှင့်ဆက်စပ်သည့် အဆင့်မြင့် ဓာတ်ခွဲခန်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ် ထိန်းချုပ်နိုင်သည့်၊ သဘာဝ ဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့်၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့်၊ တစ်နေရာတည်းတွင် တစုတစည်းတည်းဖြင့် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီး ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေး ဗဟိုဌာနအပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အအုံပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေး မြင့်မားသည့် မျိုးဆက်သစ် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလာနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနကို သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး လိုအပ်ချက်များကို မိမိတို့နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီပြည့်စုံအောင် ဖွဲ့စည်းဆောင်ရွက်ထားသည် ကိုလည်း သိရှိရကြောင်း၊ ယခုဖွင့်လှစ်သည့် ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနတွင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများအနေဖြင့် ဇီဝလုံခြုံမှုအဆင့်မြင့်မားပြီး ကူးစက်ပြန့်ပွားလွယ်သည့် ရောဂါပိုးများကို ဓာတ်ခွဲစမ်းသပ် လေ့လာသည့် ဇီဝလုံခြုံမှုအဆင့် (၃) ရှိသည့် တုပ်ကွေးရောဂါ ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှုအဆင့်(၂)ရှိသည့် ဗိုင်းရပ်စ်ပိုးဓာတ်ခွဲခန်း၊ ဗက်တီးရီးယားပိုးမွှား ဓာတ်ခွဲခန်း၊ ဇီဝလုံခြုံမှုအဆင့် (၁)ရှိသည့် အစားအစာအဏုဇီဝ ဓာတ်ခွဲခန်း၊ ရောဂါပိုးမွှား ကင်းစင်သည့် ဓာတ်ခွဲခန်း စသည့်ဓာတ်ခွဲခန်းများစွာပါဝင်ပြီး ယင်းဓာတ်ခွဲခန်းများက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## လက်တွေ့စမ်းသပ် ဆောင်ရွက်မှုများ ပြုလုပ်


ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ကျွမ်းကျင်ပညာရှင် ၃၅ ဦးကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနသို့ စေလွှတ်ပြီး (၆) လကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့် သင်ကြားစေခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပြီးသည့်နောက်တွင်လည်း တရုတ်ပညာရှင်များနှင့်အတူ လက်တွဲပြီး လက်တွေ့စမ်းသပ်ဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု သိရှိရကြောင်း၊ ဓာတ်ခွဲခန်းများ၏ စွန့်ပစ်ပစ္စည်းများမှ တစ်ဆင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်မရှိစေရန် ရေဆိုးသန့်စင်စနစ်၊ မီးရှို့စနစ်များ ပါရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲအန္တရာယ်ကာကွယ်မှုများ ပါဝင်သည်ဟု သိရှိရကြောင်း၊ ရောဂါနှိမ်နင်းရေး အဆောက်အအုံ၏ အုပ်ချုပ်မှုဆောင်တွင်လည်း ပြည်သူ့ကျန်းမာရေး အရေးပေါ် ကွပ်ကဲမှုစင်တာနှင့် အစည်းအဝေးခန်းမများ၊ GIS/GPS စနစ်ကို အခြေခံအသုံးပြုထားသည့် ရောဂါစောင့်ကြပ်ကြည့်ရှုသည့်စနစ်များ ပါရှိပါကြောင်း၊ ယခုဗဟိုဌာနကြီးတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့်ဆိုင်သည့် အောင်မြင်မှုမှတ်တမ်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် ကူးစက်ရောဂါများ ကင်းစင်ပပျောက်မှု သမိုင်းမှတ်တိုင်များ၊ နိုင်ငံတကာမှ ချီးမြှင့်ခဲ့သည့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းများ၊ ဆုတံဆိပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ အောင်မြင်စွာ ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ပြည်သူ့ကျန်းမာရေး

စာမျက်နှာ ၅ သို့ ✻

❖ ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် ကပ်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်သည့်၊ သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ညှိနှိုင်းကွပ်ကဲ တုံ့ပြန်ဆောင်ရွက်နိုင်မည့်၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မည့်၊ တစ်နေရာတည်းတွင် တစုတစည်းတည်းဖြင့် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးနိုင်မည့် ဗဟိုဌာနကြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိ အသုံးဝင်မည်

❖ ယနေ့ ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေးဗဟိုဌာန အပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အအုံပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလာနိုင်မည်





မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။

✻ စာမျက်နှာ ၄ မှ

စောင့်ရှောက်မှု မှတ်တမ်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာမှတ်တမ်းများ စသည့် သမိုင်းဝင်အထောက်အထားများကို ခင်းကျင်းပြသထားမည့် ပြခန်းတစ်ခုလည်း ဖွင့်လှစ်ထားရှိမည် ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အရေးပါသည့် သမိုင်းအထောက်အထားများကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း။




## စုံလင်စွာပါရှိ

ကျန်းမာရေး သင်တန်းကျောင်းတွင်လည်း ပရိဘောဂပစ္စည်း အပြည့်အစုံနှင့် သင်တန်းသားသင်တန်းသူ ၂၀၀ တည်းခိုနေထိုင်နိုင်သည့် တည်းခိုဆောင်များ၊ သင်တန်းသား ၂၀၀ ဆံ့ သင်တန်းခန်းမတစ်ခု၊ သင်တန်းသား ၁၀၀ ဆံ့ သင်တန်းခန်းမတစ်ခု၊ သင်တန်းသား ၅၀ ဆံ့ သင်တန်းခန်းမလေးခုတို့နှင့် စားသောက်ခန်းမများ စုံလင်စွာပါရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် မိမိတို့နိုင်ငံအတွင်းတွင် ရောဂါထိန်းချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယ ကင်းရှင်းရေးတို့အတွက် ကြီးမားသည့် အထောက်အကူ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း ပေါ်ပေါက်လာရန်ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများ၊ တည်ဆောက်ရေးစီမံကိန်းကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့သည့် China Communications Construction Company–Third Harbor Engineering Co.,Ltd. မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ပညာရပ်ပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခဲ့သည့် ကျန်းစု CDC မှ ပညာရှင်များနှင့် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ အားလုံးကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai က Myanmar CDC and Medical Training Center နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

## လက်ဆောင်များပေးအပ်

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့ကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကုသရေး၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ပါဝင်သော ကျန်းမာရေးဌာနကို စတင်တည်ထောင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်ဆထက်တစ်ဆ တိုးမြှင့်ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံတွင် ၁၉၇၇ ခုနှစ်တွင် ကျောက်ကြီးရောဂါ (Smallpox) အမြစ်ပြတ် ပပျောက်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါ ကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပိုလီယိုရောဂါ ကင်းစင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မျက်ခမ်းစပ်ရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ ကင်းဝေးပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုလွှာများ၊ တံဆိပ်များဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအသီးသီးတွင်လည်း နိုင်ငံတကာတွင် ဆောင်ရွက်နေမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်။

## အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့

ထို့ပြင် ၂၀၂၀ ပြည့်နှစ်မှစ၍ ကဏ္ဍအသီးသီးတွင် ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်မှု ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း မြန်မာ CDC အဆောက်အအုံကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေး သင်္ကေတအဖြစ် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ ဇွန် ၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းတွင် ကူးစက်လွယ်သော ရောဂါများဖြစ်သည့်လေနှင့်အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စစ်ဆေးနိုင်သည့် နိုင်ငံတကာအဆင့်မီ ဇီဝလုံခြုံမှုအဆင့်(၃) ဓာတ်ခွဲခန်း၊ အသင့်အတင့် ကူးစက်နိုင်ခြေရှိသည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားများကို စစ်ဆေးနိုင်သော ဇီဝလုံခြုံမှုအဆင့်(၂) ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းမှတစ်ဆင့် ကူးစက်နိုင်ခြေနည်းပါးသည့် အစားအသောက်များတွင် ကူးစက်ရောဂါပိုးပါဝင်မှု၊ မျိုးမပွားနိုင်သည့် ဗိုင်းရပ်စ်အပိုင်းများ၊ ကပ်ပါးပိုးများ စစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့် (၁) ဓာတ်ခွဲခန်းများနှင့် လူကို အဆိပ်သင့်နိုင်သည့် ပတ်ဝန်းကျင်ရှိ ဓာတ်ပစ္စည်းများကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ ဓာတုအဆိပ်များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ သွေး၊ သွေးရည်ကြည်နှင့် မော်လီကျူး စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်း၊ electron microscopy၊ gas နှင့် liquid များကို စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းများ ပါရှိသည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆွေမျိုးပေါက်ဖော် ရင်းနှီးမှု၏ သမိုင်းမှတ်တမ်းအဖြစ် သာမက မြန်မာ CDC တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ၊ အသစ်ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများ၊ အဓိကကျသည့် ကူးစက်ရောဂါများဖြစ်သော HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ မကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရန်၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်သို့ တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ်များ၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။




ဦးစွာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက သြဝါဒကထာ၊ သမ္မောဒနီယသန္ဒေသကထာနှင့် Welcome Speech ကို မိန့်ကြားချီးမြှင့်တော်မူပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ် ရဟန်းများအား တက္ကသိုလ်တံဆိပ်ပါ ကတ္တီပါယပ်များကိုလည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများအား တက္ကသိုလ်တံဆိပ်ပါ ယောဂီလောဘက်များနှင့် တက္ကသိုလ်တံဆိပ်ပါ လက်ဆွဲအိတ်များကို လည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြုသောအားဖြင့် အပ်နှင်းချီးမြှင့်တော်မူသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းအသီးသီးကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် ပြည်တွင်း၊ ပြည်ပ ၁၈ နိုင်ငံမှ သင်တန်းသား ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်စုစုပေါင်း ၃၄၃ ပါး / ဦး တက်ရောက် သင်ယူလျက်ရှိကြပြီး ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် သင်ကြားဆရာတော်ကြီးများက ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ သမထ၊ ဝိပဿနာ ဘာသာရပ်များကို မြတ်ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့်အညီ ဦးစားပေးသင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# Myanmar CDC နှင့် China CDC တို့အကြား နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ Memorandum of Understanding (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

Myanmar CDC နှင့် China CDC တို့အကြား နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ Memorandum of Understanding (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း Myanmar CDC ၌ ကျင်းပသည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် နားလည်မှုစာချွန်လွှာ (MoU) ကို Myanmar CDC ကိုယ်စား ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် China CDC ကိုယ်စား Prof. Li Qun (Deputy Director General, China CDC) တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် အခြားသောကူးစက်ရောဂါများအပါအဝင် ကူးစက်ရောဂါများကို ထိန်းချုပ်ကာကွယ်ခြင်း၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများကို ကာကွယ်ကုသခြင်း၊ ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများကို လေ့လာရေးခရီးသင်တန်းများစေလွှတ်ခြင်း၊ ပူးတွဲသုတေသနပြုလုပ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို လျင်မြန်စွာ တုံ့ပြန်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။



နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အတူ ရန်ကုန်မြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Ouyang Daobing၊ Myanmar CDC၊ China CDC၊ ယူနန်ပြည်နယ် Yunnan Disease Control and Prevention Administration နှင့် National Institute of Parasite Disease(China CDC)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် (၈) ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ ကူးစက်ရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၁၃**

မန္တလေးမြို့အတွင်း ပြေးဆွဲလျက်ရှိသော လူစီးသုံးဘီးယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးအတွက် မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(ယကက-မြို့တွင်း)နှင့် BAJAJ သုံးဘီးကုမ္ပဏီတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီရုံးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊





ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ လူစီးသုံးဘီးယာဉ်ဂိတ်ပေါင်း ၄၀ ဝန်းကျင်မှ ခေါင်းဆောင်များ၊ ယာဉ်မောင်းများနှင့် BAJAJ သုံးဘီးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မန္တလေးမြို့တွင် သုံးဘီးယာဉ်များ များပြားလာသည်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် ယာဉ်အန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း၊ သုံးဘီးယာဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်ရှိရန်၊ လုပ်ငန်းလိုင်စင်ရှိရန်လိုအပ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပန်းတနော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများတွင် လူငယ်စကားဝိုင်းကျင်းပ

**ပန်းတနော် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အထက(ဒေါင့်ကြီး)နှင့် အထက(ရင်းတိုက်ကုန်း) တို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အထက(ဒေါင့်ကြီး)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် စည်းကမ်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့ကာ သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် အထက(ရင်းတိုက်ကုန်း)၌ လူငယ်စကားဝိုင်းကျင်းပရာ ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုအန္တရာယ်တိုက်ဖျက်ရေးအသိပညာပေး၊ မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်ဗီနိုင်းပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀ လွှန်းပျံအလွတ်ကူးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ လွှန်းပျံ အလွတ်ကူး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုနှင့် အမျိုးသမီး မီတာ ၂၀၀ လွှန်းပျံအလွတ်ကူး ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်းနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ အမျိုးသား မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က အမျိုးသား မီတာ ၅၀ အလွတ်ကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် အမျိုးသမီး မီတာ ၅၀ အလွတ်ကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ၂၀၀ လွှန်းပျံအလွတ်ကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီး မီတာ ၂၀၀ လွှန်းပျံ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိကြသူများကို ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမား လူငယ်များ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

## မြစ်သားမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**မြစ်သား ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အများပြည်သူများ အသွားအလာများပြီး လူစည်ကားရာနေရာဖြစ်သည့် မြစ်သားမြို့နယ် ဘူတာရပ်ကွက် မြင်းခြံ-ရေဝန်းကားလမ်း မြို့အဝင်ဆိုင်းဘုတ်သံလမ်းဆုံအနီးနေရာ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက သန်းခေါင်စာရင်းကောက်ယူနိုင်ရေး “ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပကြောင်းသိရသည် ။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးမြတ်သီဟမင်း ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက “ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ပိုစတာများကို တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပါကစ္စတန်သံအမတ်ကြီးနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates - UAE) နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates–UAE) နိုင်ငံ သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Muhamed Al Faheem အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Imran Haider နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates –UAE) နိုင်ငံ သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Muhamed Al Faheem တို့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ပါကစ္စတန်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုနှင့် နို့စားကျွဲမွေးမြူရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စပါးသုတေသနဖွံ့ဖြိုးရေးနှင့် မျိုးသစ်ထုတ်လုပ်သုံးစွဲနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates –UAE) နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UAE နိုင်ငံအကြား စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာနှင့် ရေထွက်ပစ္စည်းကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# IT ပညာရပ်ဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၃

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ ပုလဲရတနာ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းသို့သွားရောက်၍ IT ပညာရပ်ဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်း သမိုင်းအကျဉ်း၊ ဖွင့်လှစ်ခဲ့သည့် သင်တန်းအမျိုးအစားများ၊ သင်တန်းအောင်မြင်ပါက ရရှိမည့် အကျိုးကျေးဇူးများနှင့်တက်ရောက်လျက်ရှိသည့် သင်တန်းသားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးက ပုလဲရတနာ သင်တန်းကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းများသည် သင်တန်းသား များအတွက် ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင်ကောင်းများ ရရှိနိုင်၍ ရည်ရွယ်ချက် ကောင်းမွန်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများသော အခြားသင်တန်းအမျိုးအစားများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ IT အလုပ်အကိုင်များကို ကျွမ်းကျင်မှု စံသတ်မှတ်ချက်များ ရေးဆွဲနိုင်ရေးနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေးတို့ အတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် သင်တန်းများ အရည်အသွေးအာမခံချက် ရှိစေရေးနှင့် သင်တန်းဆင်းများအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေး ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ပုလဲရတနာ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းကို ၂၀၁၂ ခုနှစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး Under Graduate Diploma in Software Engineering သင်တန်းအမျိုးအစားလေးမျိုး ဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ လက်ရှိကာလတွင် သင်တန်း တက်ရောက်သူများ သွားလာမှု အဆင်ပြေစေရန် မရမ်းကုန်းမြို့နယ်နှင့် သဃ်ာန်းကျွန်းမြို့နယ်တို့တွင် သင်တန်းကျောင်းခွဲများ တိုးချဲ့ဖွင့်လှစ်ထားရှိပြီး ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာတွင် IT Professional အဖြစ် လုပ်ကိုင်လိုသူများအတွက် IT Foundation Class များကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်း တက်ရောက်ပြီး Information Technology Professional Examination Council (ITPEC)မှ နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလတို့တွင် ကျင်းပသည့် စာမေးပွဲကို ဝင်ရောက် ဖြေဆိုနိုင်ကြောင်း၊ Software Engineering စာမေးပွဲ အောင်မြင်သူများ အနေဖြင့် ဂျပန်စာအဆင့် N2 Level ကို အောင်မြင်ပါက ဂျပန်နိုင်ငံတွင် IT Visa (Work Permit) ဖြင့် အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင် နှစ်တွင် သဃ်ာန်းကျွန်းကျောင်းခွဲ၌ သင်တန်းသား ၃၈ ဦး၊ မရမ်းကုန်းကျောင်းခွဲ၌ ၁၆ ဦး၊ မြောက်ဒဂုံကျောင်း၌ ၂၉ ဦး စုစုပေါင်း သင်တန်းသား ၈၃ဦး တက်ရောက်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သဃ်ာန်းကျွန်းကျောင်းခွဲ၌ သင်တန်းသား ၁၅ ဦး၊ မရမ်းကုန်းကျောင်းခွဲ၌ ၁၇ ဦး၊ မြောက်ဒဂုံကျောင်း၌ ၂၀ စုစုပေါင်း သင်တန်းသား ၅၂ ဦး အတွက် နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိကြောင်း၊ ပြည်ပ နိုင်ငံများတွင်ဖြစ်စေ၊ ပြည်တွင်းတွင် Software Developer အလုပ်ဖြင့် Outsourcing လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဇွန် ၁၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှိ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ အဝင်၊ အထွက်လမ်းဖောက်လုပ်ခြင်းနှင့် ဓာတ်အားခွဲရုံပတ်လည် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ လမ်းနယ်နိမိတ်ဧရိယာနှင့် ကင်းလွတ်မှုရှိအောင် ဆောင်ရွက်ရန်နှင့် ယခုအခါ ၅၀၀ ကေဗွီစနစ်ဖြင့် ဓာတ်အားပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း ၂၃၀ ကေဗွီ ဗို့အားဖြင့် ဦးစွာ ပို့လွှတ်နိုင်ရန်အတွက် စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ၅၀၀ ကေဗွီ ဘုရားကြီး ဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်း တက္ကသိုလ်) ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်နေသော ဝန်ကြီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအတွေ့အကြုံသည် လုပ်ငန်းရှိမှသာ လေ့လာဆည်းပူး၍ ရသည့်အတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုများတွင် စိတ်ပါဝင်စားစွာဖြင့် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူသွားရန်နှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများကို မျိုးဆက်သစ် အင်ဂျင်နီယာ ဝန်ထမ်းများက လက်ဆင့်ကမ်း ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အတူ ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်း၊ စီမံကိန်း၊ ညလုပ်ငန်းခွင်စသည်ဖြင့် မည်သည့်နေရာတွင် နေထိုင်လုပ်ကိုင်ဆောင်ရွက်ရသည်ဖြစ်စေ အဆင့် ဆင့် ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်နေမှုနှင့် Hybrid Gas Insulated Switchgear(HGIS) တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်းသည် ၇၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၄) အစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကိုရည်ရွယ်၍ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ကော်မတီအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများအပေါ် သက်ရောက်နေသည့် အခြေအနေနှင့် အချက်အလက်များကို သိရှိစေရန်နှင့် ကုစားနိုင်ရေးအတွက် လိုအပ်သော စီမံချက်များ ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်နေရာများ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားများကို ဆွဲဆောင်မှုရှိစေရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများရရှိစေရေး စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မြို့တော်အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များက နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မှော်ဘီမြို့၌ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံဆောင်ရွက်နိုင်ရေး အသိပညာပေး ဆွေးနွေး



ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာ့အာမခံလုပ်ငန်းနှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်းနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် တောင်သူများသို့ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်စည်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဒေါ်သင်းသင်းဦးက ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းရည်ရွယ်ချက်၊ အာမခံထားရှိခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ သီးနှံအာမခံလုပ်ငန်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဒေါ်တင်ထူးထူးအောင်က စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးပွဲ အခမ်းအနားသို့ မှော်ဘီမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

သထုံ ဇွန် ၁၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ ဦးဖြူ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေး၏အန္တရာယ်နှင့် ဆိုးကျိုးများ၊ မူးယစ်ကင်းစင်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေးအတွက် ကျောင်းပြင်ပစာပေများ လေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုစေကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာ–အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၃**

မြန်မာ–အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးကြသည်။

**တက်ရောက်**

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဖတ်ကြားကြသည်။ ယင်းနောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ–အိန္ဒိယ 6th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် သူရဲကောင်းဗိမာန်နှင့် ကျောက်မျက်ရတနာပြခန်းတို့သို့ လေ့လာခဲ့ကြသည်။ ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဌာနပေါင်းစုံပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အားကစားရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ကြီး၊ ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြားရေး မှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ပိုက်ကျော်ခြင်းအားကစားကို စိတ်ဝင်စားသူဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

**ချီးမြှင့်ပေးအပ်**

ယနေ့နံနက်ပိုင်းတွင် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆုရအသင်းများနှင့်ဆုရအားကစားသမားများအား ဆုဖလားနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဝန်ကြီးဌာနကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ရေကူး၊ ပိုက်ကျော်ခြင်း စသည့် အားကစားနည်းများအလိုက် ဌာနပေါင်းစုံပြိုင်ပွဲများ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ စာသင်နှစ်အလိုက် သင်ကြားသင်ယူမှုလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ သတ်မှတ် စာသင်ကာလပြည့်အောင် တက်ရောက်၍ စာတွေ့လက်တွေ့ ကျွမ်းကျင်စွာတတ်မြောက်ရေး စနစ်တကျ လေ့လာသင်ယူရန် လိုအပ်ချက်များ၊ မိမိတို့တစ်ဦးချင်း၏ ဘဝရည်မှန်းချက်နှင့် မိဘများ၏ မျှော်လင့်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားကာ ကျောင်းသား ကျောင်းသူများအတွက် ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် ဌာနမှကောက်ခံလျက်ရှိသော အခွန်အရပ်ရပ်နှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ထမ်းဆောင်ရမည့်လုပ်ငန်းများအပေါ် အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်မြင့်မြတ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စံထွန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ထန်းတပင်မြို့နယ်၌ အခြေခံမော်တာ အပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကလိန်အောင်ကျေးရွာ၌ ကျင်းပသည်။



**ပေးအပ်**

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့ကြသည်။

**တက်ရောက်**

အဆိုပါသင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ တစ်လကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၃**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ခေတ်စားလာသော Online လိမ်လည်မှုများ

ကိုကိုချွန် (FIU မော်လမြိုင်)

(ယမန်နေ့မှအဆက်)

**အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုအကြောင်းပြ၍ လိမ်လည်ခြင်း**


စတုတ္ထနည်းလမ်းမှာ လိမ်လည်သူသည် Social Media Platform ပေါ်တွင် ကြော်ငြာအတုများ၊ ကုန်ပစ္စည်းအတုများ လွှင့်တင်၍ ဟန်ပြရောင်းချကြပါသည်။ မိမိက ဝယ်ယူလိုက်ပါက စာရွက်စာတမ်းအတုများ၊ ဘောက်ချာအတုများပြုလုပ်၍ Delivery ဖြင့် ကုန်ပစ္စည်းများပေးပို့လိုက်ကြောင်း ဝယ်ယူသူ ယုံကြည်စေရန် လှည့်ဖြားကာ တန်ဖိုးငွေလွှဲပြောင်းခိုင်းပြီး လိမ်လည်ရယူကြပါသည်။ အခြားနည်းမှာ လူမှုကွန်ရက်တွင် ဟန်ပြကုမ္ပဏီ (Front Company) များ၊ ဟန်ပြငွေကြေးဝန်ဆောင်မှုလုပ်ငန်းများတည်ထောင်၍ ကြော်ငြာလွှင့်တင်ပြီး အစုရှယ်ယာများရောင်းချကာ ငွေကြေးလိမ်လည်ခြင်း ဖြစ်ပါသည်။

လိမ်လည်သူများသည် ပထမဦးစွာ အင်တာနက်စာမျက်နှာ (Web page)များ လွှင့်တင်ထားပြီးနောက် လူမှုကွန်ရက်မှ မိမိအား ယင်းစာမျက်နှာတွင် Account ဖွင့်လှစ်အသုံးပြုစေရန် မက်လုံးပေးဆွဲဆောင်ပါသည်။ Account ဖွင့်လှစ်ဝင်ရောက်လိုက်ပါက ယင်းစာမျက်နှာတွင် ဖန်တီးထားသော ကုန်ပစ္စည်းများ အော်ဒါမှာယူတင်သွင်းခြင်းဖြင့် အမြတ်ငွေများရရှိနိုင်ကြောင်း၊ အမြတ်ငွေများကို အော်ဒါတင်သွင်းမှု သတ်မှတ်အကြိမ်ရေပြည့်မှ ထုတ်ယူခွင့်ပြုကြောင်း မက်လုံးပေးဆွဲဆောင်ပါသည်။ သတ်မှတ်အကြိမ်ရေပြည့်သော်လည်း ငွေကြေးများထုတ်ပေးခြင်းမပြုဘဲ လိမ်လည်ခြင်းဖြစ်ပါသည်။

အခြားနည်းလမ်းတစ်ခုမှာ လိမ်လည်သူများသည် Viber မှတစ်ဆင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ကြောင်း၊ ငွေကျပ်မည်မျှရင်းနှီးပါက အကျိုးအမြတ်များ ပြန်လည်ရရှိမည်ဖြစ်ကြောင်း အဆင့်ဆင့်ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်ပါသည်။ သို့သော် ၎င်းငွေများနှင့် အကျိုးအမြတ်များကို ပြန်လည်ထုတ်ပေးခြင်းမရှိတော့ဘဲ လိမ်လည်ခြင်းဖြစ်ပါသည်။ အခြားနည်းမှာ Facebook စာမျက်နှာတွင် ငွေကြေးလဲလှယ်သည့်လုပ်ငန်း (Money Changer) ဆောင်ရွက်ကြောင်း၊ မိမိက နိုင်ငံခြားငွေဝယ်ယူလိုပါက ၎င်း၏ငွေစာရင်းသို့ ငွေကြေးလွှဲပြောင်းခိုင်းပြီး မိမိ Facebook Account အား block ကာ လိမ်လည်ခြင်းဖြစ်ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဟု အကြောင်းပြ၍လိမ်လည်ခြင်း**

ပဉ္စမမြောက်နည်းလမ်းမှာ လိမ်လည်သူများသည် Social Media Platform ပေါ်တွင် နာမည်ကြီး




အလုပ်အကိုင်ရှာဖွေရေး Agency များ၏ အမှတ်တံဆိပ်များကို အသုံးပြု၍ Web page ထူထောင်ပြီး အလုပ်အကိုင်အတုများ၊ အလုပ်ခေါ်စာအတုများဖြင့် လှည့်ဖြားကမ်းလှမ်းကာ သင်တန်းတက်ရန် ငွေကြိုတင်တောင်းခံခြင်း၊ ဝန်ဆောင်ခကျသင့်ငွေများအား အကြောင်းအမျိုးမျိုးပြကာ ကြိုတင်တောင်းခံခြင်းဖြင့် လိမ်လည်သောနည်းလမ်း ဖြစ်ပါသည်။

**အခြားနည်းလမ်းများ**

အခြားကျူးလွန်လေ့ရှိသည့် နည်းလမ်းတစ်ခုမှာ တယ်လီဖုန်း SIM ကတ်များကို အသုံးပြုခြင်း ဖြစ်ပါသည်။ လိမ်လည်သူသည် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို တစ်နည်းနည်းဖြင့်ရယူကာ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများထံ "တယ်လီဖုန်းပျောက်ဆုံးကြောင်း" အကြောင်းပြကာ မိမိ၏ ဖုန်းနံပါတ် SIM ကတ်အသစ်ကို လျှောက်ထားရယူပါသည်။ ထို့နောက် မိမိဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသော Mobile Pay Account များသို့ ဝင်ရောက်ကာ ငွေများလွှဲပြောင်းရယူကြပါသည်။

**လိမ်လည်ခံရခြင်း အကြောင်းရင်းများ**

အွန်လိုင်းလိမ်လည်မှုများကို လေ့လာကြည့်လျှင် သာမန်ပြည်သူများ၏ လောဘကို အခြေခံပြီး လိမ်လည်နေကြောင်း တွေ့ရှိရပါသည်။ အချို့သော လိမ်လည်မှုများတွင် ပညာတတ်သူများလည်း လိမ်လည်ခံရသည်ကို ကြည့်ခြင်းအားဖြင့် အသိပညာနှင့် ဗဟုသုတနည်းပါးသူများကိုလည်း ပစ်မှတ်ထား ဆောင်ရွက်တတ်ကြောင်း တွေ့ရှိရပါသည်။ သာမန်ပြည်သူလူထုအတွင်း လိမ်လည်ခံရမှုများထဲတွင် အသိပညာနည်းပါးမှုကို အခွင့်ကောင်းယူကာ လိမ်လည်နေကြကြောင်း သိရှိရပါသည်။ ဥပမာ မောင်ဘ၏ မှတ်ပုံတင်အား ငှားရမ်းပြီး အွန်လိုင်းအကောင့်ဖွင့်ခြင်း၊ မှတ်ပုံတင်အတု ပြုလုပ်ထားခြင်း၊ ပတ်စ်ပို့ပြုလုပ်ခြင်း၊ ဖုန်းများ ခေတ္တငှားရမ်းပြီး အွန်လိုင်း Pay Wallet ဖွင့်လှစ်ခြင်းနှင့် ပိုင်ရှင်၏ ဖုန်းအမှတ်၊ လိပ်စာ၊ အမည်ကို လိမ်လည်မှုအတွက် အသုံးချခြင်းတို့သည် နေ့စဉ် ကြုံတွေ့နေရသော လိမ်လည်နည်းများ ဖြစ်ပါသည်။

> **❝ ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာသိမ်းဆည်းထားရန်နှင့် အလွယ်တကူ ပေးအပ်ခြင်းမပြုရန် လိုအပ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ Password နှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံလာပါက တောင်းခံသည့် အဖွဲ့အစည်းအား စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိနှင့် ရင်းနှီးသိကျွမ်းခြင်းမရှိသည့် သို့မဟုတ် ယုံကြည်စိတ်ချရမှုမရှိသည့် အင်တာနက်စာမျက်နှာများသို့ ယုံကြည်မှုလွန်ကဲစွာဝင်ရောက်ခြင်း၊ Application များကို Download ဆွဲယူခြင်း၊ ကိုယ်ရေးအချက်အလက်ဖြည့်စွက်ခြင်းများကို ရှောင်ရှားရမည် ❞**

အချို့နေရာများတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် ဆင်းရဲနွမ်းပါးမှု၊ မိသားစုစီးပွားရေးကျပ်တည်းမှုများကြောင့် ပညာတတ်သူ၊ အသိပညာရှိသူများပင် လိမ်လည်ခံရလျက်ရှိပါသည်။ ရာထူးတိုးတက်ရရှိရေးနှင့် လုပ်ငန်းအဆင်ပြေရေးအတွက် အွန်လိုင်းပေါ်တွင် အဆောင်များ၊ လက်ဖွဲ့များ ရောင်းချပေးခြင်း၊ အကြောင်းအမျိုးမျိုးပြကာ ယတြာချေခိုင်းခြင်းနှင့် နောက်ပိုင်းတွင် အောက်လမ်းနည်း၊ စုန်း/ကဝေများဖြင့် ခြိမ်းခြောက်ခြင်း၊ ငွေကြေးတောင်းခံခြင်းများလည်း ကြုံတွေ့နေရလျက်ရှိပါသည်။

သာမန်ပြည်သူများအနေဖြင့် ရိုးသားဖြူစင်ခြင်း၊ အယုံလွယ်ခြင်း၊ နောက်ဆက်တွဲပြဿနာကို မသိခြင်း၊ အရှက်အကြောက်ကြီးခြင်း၊ စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်းနှင့် စပ်စုလိုစိတ်ရှိခြင်း၊ စဉ်းစားဆင်ခြင်ဉာဏ်နှင့် တွေးတောဆင်ခြင်မှုနည်းပါးခြင်းတို့သည် လိမ်လည်သူများအတွက် အခွင့်ကောင်းများဖြစ်ပါသည်။ အချို့အခြေအနေများတွင် လူတို့၏ စိုးရိမ်စိတ်နှင့်အကြောက်တရားကို အသုံးချခြင်း၊ အခက်အခဲရှိသူများကို ပစ်မှတ်ထားခြင်း၊ အကျိုးအမြတ်ရမည်ဟု ယုံကြည်အောင်ပြောဆိုပြီး လုပ်ငန်းအတွင်း ရှယ်ယာခေါ်ခြင်း၊ ပါဝင်လုပ်ကိုင်စေခြင်းတို့မှ နောက်ပိုင်းတွင် ငွေကြေးလိမ်လည်ခဲ့ကြောင်း တွေ့ရပါသည်။

**လိမ်လည်သူတို့၏ အလေ့အထများ**

အွန်လိုင်းလိမ်လည်မှုသည် တစ်ဦးတည်း လိမ်လည်ခြင်းထက် သာမန်အားဖြင့် အုပ်စုဖွဲ့ကျူးလွန်ပြီး IT နည်းပညာကျွမ်းကျင်သူများ ပါဝင်တတ်ကြပါသည်။ နည်းပညာ၏ အားနည်းချက်များကို အသုံးချကာ သတင်းစုဆောင်းခြင်း၊ ဖြစ်ပေါ်နေသောအခြေအနေကိုသုံးသပ်ကာ လူအများယုံကြည်လာအောင် စာရွက်စာတမ်းအတု၊ Web page နှင့် Application အတုများကို အသုံးချဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအတုထောင်ပြီး အသုံးအဆောင်များ ငှားရမ်းအသုံးပြုခြင်းနှင့်လူအထင်ကြီးအောင် ဝတ်စားနေထိုင်တတ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို အွန်လိုင်းမှ ချိုးဖောက်ဝင်ရောက်ကာ သားကောင်အား ရှာဖွေဆောင်ရွက်တတ်ကြပါသည်။ အလိမ်ခံရသူကို အရှက်ခွဲမည်ဟု ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အတင်းအကျပ်စေခိုင်းခြင်းမျိုးလည်း ကြုံတွေ့နေရပါသည်။

**အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးခဝါချမှုအကြား ဆက်နွှယ်မှု**

အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အင်တာနက်ဆက်သွယ်ရေးကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက်စာမျက်နှာများအပြင် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်များကို တလွဲအသုံးပြု၍ ငွေကြေးအကျိုးအမြတ်များရရှိစေရန် လိမ်လည်ခြင်း ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် ငွေကြေးလွှဲပြောင်းဆောင်ရွက်ရာ၌ Mobile Banking နှင့် Mobile Pay ကဲ့သို့သော အင်တာနက်ဆက်သွယ်ရေးအခြေပြု ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုကို မဖြစ်မနေအသုံးပြုရပါသည်။

လိမ်လည်သူများသည် လိမ်လည်မှုကျူးလွန်စဉ် ငွေကြေးများ လွှဲပြောင်းလက်ခံရယူခြင်းနှင့် ကျူးလွန်ပြီးနောက်ရရှိလာသည့် ငွေကြေးအား လွှဲပြောင်းခြင်းများ ဆောင်ရွက်ရာ၌ ငွေကြေးစီးဆင်းမှု (Money Trail)ကို နောက်ကြောင်းလိုက်လံဖော်ထုတ်ခြင်း မခံရစေရန်နှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Owner) ကို ဖုံးကွယ်နိုင်ရန် ကြိုးပမ်းကြပါသည်။ ထိုသို့ ကြိုးပမ်းရာ၌ ငွေကြေးခဝါချမှုနည်းလမ်းများကို အသုံးပြုလာရာမှ ငွေကြေးခဝါချမှုနှင့် ဆက်နွှယ်လာပါသည်။ ဘဏ္ဍာရေးစနစ်၏ Digitalization အသွင်သို့ ပြောင်းလဲတိုးတက်လာမှုသည် လိမ်လည်မှုကျူးလွန်ရာ၌ လိုအပ်သည့် ငွေကြေးလွှဲပြောင်းမှုများ၊ ဖုံးကွယ်မှုများ လျင်မြန်စွာ လုပ်ဆောင်လာနိုင်စေပြီး ခဝါချရန်အတွက် အခွင့်အလမ်းများ ဖြစ်လာစေပါသည်။

**အခြားမှုခင်းများနှင့်ဆက်နွှယ်မှု**

ငွေကြေးခဝါချမှုအပြင် အွန်လိုင်းလိမ်လည်မှုသည် အခြားသောမှုခင်းများနှင့်လည်း ဆက်နွှယ်နေပါသည်။ အများဆုံးဆက်နွှယ်သည့် မှုခင်းများမှာ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် လိုအပ်သည့် သို့မဟုတ် မဖြစ်မနေဆောင်ရွက်ရသည့် စာရွက်စာတမ်းအတုပြုလုပ်မှုနှင့် ကိုယ်ရေးအချက်အလက်များရရှိရန် Hacking ပြုလုပ်ရသည့် ကွန်ပျူတာမှုခင်းများ ဖြစ်ပါသည်။ ထို့ပြင် လူမှောင်ခို/လူကုန်ကူးမှုများနှင့်လည်း ဆက်နွှယ်နေပါသည်။ လူမှုကွန်ရက်စာမျက်နှာများတွင် အလုပ်အကိုင်ကြော်ငြာများလွှင့်တင်၍ သားကောင် (Victim) များအား လိမ်လည်ခေါ်ဆောင်ပြီး ရောက်ရှိလာပါက အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို အတင်းအကျပ်စေခိုင်းခြင်းဖြင့် အွန်လိုင်းလိမ်လည်သည့် ဂိုဏ်းများ ပေါ်ပေါက်လာပါသည်။

IT နည်းပညာကျွမ်းကျင်သူများနှင့် ဒေသ/နိုင်ငံအသီးသီးမှ ဘာသာစကားမတူသော လူအမျိုးမျိုးကို မှောင်ခိုကူးကာ အတင်းအကျပ်စေခိုင်းခြင်းဖြင့် လိမ်လည်ခံရသူနှင့်စပ်လျဉ်းသည့် နယ်နိမိတ်အကန့်အသတ်များကို ကျော်လွှားကာ နိုင်ငံဖြတ်ကျော် ကျူးလွန်မှုများ ဖြစ်ပေါ်လာပါသည်။ အွန်လိုင်း လိမ်လည်ဂိုဏ်းများသည် အများအားဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားသည့် နယ်စပ်ဒေသများ၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ ရာဇဝတ်မှုများ ထူပြောရာ နယ်စပ်ဒေသများတွင် ဖြစ်ပွားလေ့ရှိပါသည်။

စာမျက်နှာ ၁၃ သို့ ◆

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကြောင့် ပါလက်စတိုင်း အားကစားသမားများ၊ ဒိုင်လူကြီးများနှင့် အားကစားအရာရှိ ၃၀၀ ကျော် သေဆုံး




ဂျေရုဆလင် ဇွန် ၁၃

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခတွင် ပါလက်စတိုင်း အားကစားသမားများ၊ ဒိုင်လူကြီးများနှင့် အားကစားအရာရှိ ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း အိုလံပစ်ကော်မတီက ယနေ့ ပြောကြားသည်။

**ဝင်ရောက်ယှဉ်ပြိုင်ရန် မျှော်လင့်ထား**

မကြာမီကျင်းပမည့် အားကစားပြိုင်ပွဲများတွင် ပါလက်စတိုင်းအားကစားသမား အနည်းဆုံးခြောက်ဦးမှ ရှစ်ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ရန် မျှော်လင့်ထားကြောင်း ကော်မတီဥက္ကဋ္ဌ ဂျီဘရေးရာဂျက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ၎င်းတို့ထဲမှ သုံးဦးသည် ဂါဇာကမ်းမြောင်မှ ဖြစ်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပါလက်စတိုင်း တိုက်ကွမ်ဒိုအားကစားသမားတစ်ဦးသည် အားကစားပြိုင်ပွဲအတွက် အရည်အချင်းပြည့်မီကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ဂါဇာရှိ အားကစားရုံအားလုံးကို ဖြိုချဖျက်ဆီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကြောင့် ပါလက်စတိုင်းအားကစားသမားများစွာသည် ကြမ်းတမ်းသော အခြေအနေကို ကြံ့ကြံ့ခံရင်ဆိုင်နေရကြောင်း ကော်မတီဥက္ကဋ္ဌ ဂျီဘရေးရာဂျက်က အလေးပေးပြောကြားသည်။

ပါရီအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ဂါဇာဒေသရှိ အသက် ငါးနှစ်အောက် ကလေးများ အာဟာရပြတ်လပ်မှုကြောင့် ကုသပေးနေရဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ဂျေရုဆလင် ဇွန် ၁၃

ဂါဇာဒေသရှိ အသက်ငါးနှစ်အောက်ကလေး ၈၀၀၀ ခန့်အား အာဟာရပြတ်လပ်မှုကြောင့် ကုသပေးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဂါဇာဒေသရှိ လူဦးရေ အများအပြားမှာ အငတ်ဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီဆက်က မှတ်ချက်ပြုပြောကြားသည်။ ဒေသတွင်း အစားအစာထောက်ပံ့မှုများ ဝင်ရောက်နေသော်လည်း အရည်အသွေးပြည့်မီသည့် အစားအစာများကို ဒေသခံများရရှိခြင်းရှိ၊ မရှိနှင့် ပတ်သက်၍ အထောက်အထားများမတွေ့ရှိရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂါဇာဒေသတွင် အာဟာရတိုက်ကျွေးရေးအစီအစဉ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်မိတ်ဖက်အဖွဲ့အစည်းများက ဆောင်ရွက်နေသည်။

**ကိုးကား – သည်နယူးအာရပ်၊ ဘာသာပြန် – စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ တန်ဂျန်ဆောကျွန်းအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်

ဂျကာတာ ဇွန် ၁၃

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ တန်ဂျန်ဆောကျွန်းအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါအထူးစီးပွားရေးဇုန် တည်ရှိလာခြင်းဖြင့် ဒေသခံများအလုပ်အကိုင်ရရှိလာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အထူးစီးပွားရေးဇုန်များဆိုင်ရာ အမျိုးသားကောင်စီခေတ္တအတွင်းရေးမှူးချုပ် ယီဆယ်အက်ဒဝင် မန်နန်ဆန်က ပြောကြားသည်။ မြေဧရိယာ ၈၄၀ ဒသမ ၆၇ ဟက်တာကျယ်ဝန်းသည့် ၎င်းအထူးစီးပွားရေးဇုန်သည် လျှပ်စစ်အပို ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးစင်တာတို့ဖြင့် ဖွဲ့စည်းထားသည်။ ထို့ပြင် ၎င်းအထူးစီးပွားရေးဇုန်သည် နိုင်ငံအတွင်းရှိ ဗာတန်နှင့် ဗင်တန်ကျွန်းများရှိ ကုန်သွယ်ရေးစင်တာများကိုလည်း ဆက်သွယ်ပေးသည့် လမ်းကြောင်းအဖြစ် တည်ရှိနေသည်။ ယင်းအထူးစီးပွားရေးဇုန်သည် လက်ရှိအချိန်အထိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီးယား ၁၉၉ ဒသမ ၆ ထရီလီယံကို ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၅၃ ခုနှစ်အရောက်တွင် အလုပ်အကိုင် ၃၆၆၀၈၇ နေရာကို ဖန်တီးပေးမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အောက်တိုဘာလတွင် လျှပ်စစ်ကားအသေးစားများ စတင်ထုတ်လုပ်ရောင်းချမည်ဟု ဟွန်ဒါ ကုမ္ပဏီပြောကြား



တိုကျို ဇွန် ၁၃

လုပ်ငန်းသုံးအတွက် လျှပ်စစ်ကားအသေးစားများကို အောက်တိုဘာလတွင် စတင်ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း ဟွန်ဒါမော်တာက ပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ယခုထုတ်လုပ်မည့် ကားများသည် ဟွန်ဒါ၏ ဓာတ်ဆီအင်ဂျင်သုံး ကားများကို အခြေခံ၍ ထုတ်လုပ်ခြင်းဖြစ်သည်။

ယင်း လျှပ်စစ်ကားများကို မြို့ပြဒေသများတွင် ခရီးတိုများအတွက် ပစ္စည်းပေးပို့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ထုတ်လုပ်ခြင်း ဖြစ်သည်။ ဟွန်ဒါသည် လျှပ်စစ်ကားများကို ဈေးကွက်အတွင်း တိုးတက်ထုတ်လုပ်ရေး ဆောင်ရွက်နေသည်။ ယခုထုတ်လုပ်မည့်ကားများသည် မုန့်ဆိုင်များနှင့် ပန်းပို့ဆောင်ရေးလုပ်ငန်းများအတွက် အသုံးဝင်ပြီး တစ်ကြိမ်အားသွင်းထားပါက ၂၄၅ ကီလိုမီတာအထိ ရောက်ရှိနိုင်ကြောင်း ဟွန်ဒါမှ တာဝန်ရှိသူဆာကာမိုတို တာကာဟီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

◆ စာမျက်နှာ ၁၂ မှ

**နောက်ဆက်တွဲပြဿနာများ**

ယခုအခါ နိုင်ငံတော်အစိုးရနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းနှိမ်နင်းမှုများကြောင့် အွန်လိုင်းလိမ်လည်ဂိုဏ်းများ လျော့နည်းသွားပြီး လိမ်လည်သူများသည် ပြည်တွင်းရှိ နိုင်ငံသားများအား သားကောင်အဖြစ် ပစ်မှတ်ထား ရွေးချယ်လာနိုင်ပါသည်။ သို့ဖြစ်ရာ ပြည်တွင်းရှိဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများမှာ အွန်လိုင်းလိမ်လည်မှုအတွက် တလွဲအသုံးပြုခံရနိုင်ခြေ မြင့်မားလာပါသည်။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မိမိတို့ ဖောက်သည်များ၏ Mobile Wallet / Mobile Bank Account များ လုံခြုံမှုရှိစေရန်အတွက် လုံခြုံရေးစနစ်မြှင့်တင်ခြင်း၊ လက်ဗွေ၊ မျက်ကြည်လွှာ၊ မျက်နှာပုံသဏ္ဌာန် သို့မဟုတ် အသံစနစ်ဖြင့် အတည်ပြုသည့် လုံခြုံရေးစနစ် ထည့်သွင်းခြင်းများ ဆောင်ရွက်ခြင်းဖြင့် တားဆီးကာကွယ်ရမည် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထားရန်နှင့် အလွယ်တကူ ပေးအပ်ခြင်းမပြုရန် လိုအပ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ Passwordနှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံလာပါက တောင်းခံသည့်အဖွဲ့အစည်းအား စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိနှင့် ရင်းနှီးသိကျွမ်းခြင်းမရှိသည့် သို့မဟုတ် ယုံကြည်စိတ်ချရမှုမရှိသည့် အင်တာနက်စာမျက်နှာများသို့ ယုံကြည်မှုလွန်ကဲစွာဝင်ရောက်ခြင်း၊ Application များကို Download ဆွဲယူခြင်း၊ ကိုယ်ရေးအချက်အလက်ဖြည့်စွက်ခြင်းများကို ရှောင်ရှားရမည် ဖြစ်ပါသည်။

အွန်လိုင်းလိမ်လည်မှုသည် နစ်နာသူပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းကိုပါ ဖြစ်စေပါသည်။ အထူးသဖြင့် ငွေပမာဏများပြားသော လိမ်လည်ခံရမှုဖြစ်စဉ်များတွင် လိမ်လည်ခံရသူများအတွက် ဂုဏ်သိက္ခာထိခိုက်ပြီး အရှက်ရစေခြင်း၊ စီးပွားရေးထိခိုက်ပြိုလဲပြီး စိတ်ဓာတ်ကျဆင်းခြင်းများမှ မိမိကိုယ်ကိုသတ်သေခြင်း၊ မိသားစုပြိုကွဲခြင်းများအထိ ဖြစ်စေနိုင်ပါသည်။

ထို့ပြင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဂုဏ်သတင်းအပေါ် ထိခိုက်နိုင်ပြီး ယုံကြည်အားထားရမှုကို လျော့နည်းစေပါသည်။ အွန်လိုင်းလိမ်လည်မှုသည် ပြည်သူများအပေါ် နစ်နာထိခိုက်စေသည်သာမက နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်ကိုပါ ထိခိုက်စေနိုင်ပါသည်။ အွန်လိုင်းလိမ်လည်ဂိုဏ်းများ၏ နယ်နိမိတ် အကန့်အသတ်ကို ကျော်လွှားကာ ကျူးလွန်နိုင်စွမ်းကြောင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်ဖြစ်ရာ လျစ်လျူရှုမထားသင့်ဘဲ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော မှုခင်းအမျိုးအစားတစ်ခု ဖြစ်ပါသည်။

အွန်လိုင်းလိမ်လည်မှု ဖြစ်စဉ်များတွင် လိမ်လည်ခံရသူများသည် ငွေပမာဏနည်းပါးသည့် လိမ်လည်မှုများတွင် သတင်းပေးတိုင်တန်းမှုမရှိဘဲ အများအားဖြင့် ငွေပမာဏများပြားစွာ အလိမ်ခံရသည့် အချိန်မှသာ သတင်းပေးတိုင်တန်းတတ်ကြပါသည်။ လိမ်လည်ခံရသူများ၏ အမှုဖွင့်တိုင်တန်းလိုမှု မရှိခြင်းသည် အွန်လိုင်းလိမ်လည်မှုများကို သုတေသနပြုလုပ်ရန်နှင့် တားဆီးနှိမ်နင်းရန်အတွက် အခက်အခဲများ ဖြစ်စေနိုင်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အွန်လိုင်းလိမ်လည်မှုကဲ့သို့သော ငွေကြေးဆိုင်ရာလိမ်လည်မှုများနှင့် ပြစ်မှုများပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြစ်မှုများ လျော့နည်းပပျောက်စေရေး တားဆီးကာကွယ်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် မတ်လတွင် **“ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force)”** ကို ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အင်တာနက်အွန်လိုင်းဆက်သွယ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်နေသမျှ အွန်လိုင်းလိမ်လည်မှုများလည်း တိုးတက်ပြောင်းလဲနေမည် ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှုများကို အဖွဲ့အစည်းတစ်ခုတည်းဖြင့် တားဆီးကာကွယ်၍ မရဘဲ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သက်ဆိုင်ရာကဏ္ဍမှ အဖွဲ့အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှု မှုခင်းများ၏ နယ်စည်းမခြား ကျူးလွန်နိုင်သည့် သဘောသဘာဝကြောင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် လိမ်လည်မှုများ လျော့နည်းကျဆင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ။

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၃**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇွန် ၁၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၈၂ တန်၊ သစ်မာ ဝ ဒသမ ၃၉ဝ တန်နှင့် အခြားသစ် ၇ ဒသမ ၁၂၈ တန် **(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၆၂၁၇)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန် ၁၁ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင်ကျွန်းသစ် ဝ ဒသမ ၄၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝဝဝဝ)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန် ၁၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်အထွက် စစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Uniqlo ကျားဝတ်ဘောင်းဘီရှည် အထည် ၂၅ဝ၊ GAP ကျားဝတ်အင်္ကျီ အထည် ၂၁ဝ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၄၇ဝဝဝဝ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed တစ်စီးနှင့် Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ဝဝဝဝဝဝဝ) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မိုင်းပျဉ်းမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Chain Saw Blades ၄၅ဝဝ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ဝဝဝဝဝဝ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂ဝဝဝဝဝဝ) ကို လည်းကောင်း **(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၅၄၇ဝဝဝဝ)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

**ဇွန် ၁၂ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့နယ်၌ လိုင်စင်မဲ့ယာဉ်များ ဖြစ်သည့် Toyota Wish တစ်စီး၊ Toyota Noah တစ်စီးနှင့် Toyota Pajero တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ဝဝဝဝဝဝ ကို လည်းကောင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များ ဖြစ်သည့် Canda 125 လေးစီးနှင့် Kenbo 125 တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂ဝဝဝဝဝဝ ကို လည်းကောင်း **(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ဝဝဝဝဝဝဝ)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန် ၁၂ ရက်**တွင် နေပြည်တော်ကောင်စီ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်လမ်းဆုံ၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ဝဝဝဝဝဝ) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁၂ ဒသမ ၄၅၇ တန်၊ အခြားသစ် ၃၃ ဒသမ ၇ဝ၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃၈၃၆၅) ကို သစ်တောဥပဒေအရလည်းကောင်း **(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၃၃၈၃၆၅)** ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အလားတူ ဇွန် ၁၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ပိဿာ ၉၅ဝ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၈၁၄ဝဝဝ)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် **၁၂ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် သရက်မြို့နယ် သရက်-အောင်လံ မြစ်ကူးတံတားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် ၁၂၆ဝ နှင့် Kawa တံဆိပ် အင်ဂျင်စက်တစ်လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၁ဝဝဝဝ) နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ဝဝဝဝဝဝ) **(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၁ဝဝဝဝ)** ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၂၄၇၈၅၈၂)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၅ - ၆ - ၂၀၂၄ ရက်(စနေနေ့)တွင်ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂၄) တွင် သူတစ်ပါးအပေါ် မကောင်းကြံတတ်သည့် မြွေပါကို ကိုယ်ချင်းစာစိတ်ဖြစ်စေရန် သင်ခန်းစာပေးလိုက်သည့် ယုန်ကလေးတို့အကြောင်း သရုပ်ဖော်ထားသည့် "ဆိုးသွမ်းတဲ့မြွေပါအတွက် ယုန်ကလေးရဲ့သင်ခန်းစာ" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ အင်းဆက်မျိုးဆက်တို့၏ ခန္ဓာဗေဒဖြစ်တည်ပုံနှင့် ရှင်သန်နေထိုင်မှုများအကြောင်း တင်ဆက်ထားသည့် "အင်းဆက်" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ကျွဲရိုင်း၏ ရန်ကို နှိမ်နင်းပေးရန်ကြိုးစားသည့် ဖိုးချွန်း၊ ဝိတ်ပေါနှင့် အသက်မသေဘဲ ရှင်သန်နေသည့် ကျွဲရိုင်းကြီးအကြောင်း ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် ကျွဲရိုင်း" နှစ်မျက်နှာကာတွန်း၊ ဆရာမကြီး ဒေါ်သန္တာလင်းပိုင်နှင့် မသန်စွမ်းကလေးများ စာသင်ခန်းမှ ရေသတ္တဝါတို့၏ ဟန်ချက်ညီညီ ကြိုးစားအားထုတ်မှုကြောင့် ရေအောက်ကမ္ဘာကျောင်းကြီးသည် ကမ္ဘာကျော်သွားခဲ့ပုံအကြောင်းရေးဖွဲ့ထားသည့် "မသန်ပေမယ့် စွမ်းကြသူများ" ပုံပြင်ကဏ္ဍ၊ သူငယ်ချင်းအတွက် မွေးနေ့လက်ဆောင်အဖြစ် ဆရာကြီး ပီမိုးနင်း၏ "တကယ့်လူချွန်" စာအုပ်ကို ပေးဖြစ်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ ကျောင်းမှန်မှန်တက်ပြီး စာကို ရည်ရွယ်ချက်ဖြင့် ဖွဲလုံ့လထားကြိုးစားလျှင် အတန်းထဲ၌ ပထမဆု ရနိုင်ကြောင်း ရေးဖွဲ့ထားသည့် ဆရာ မင်းနီခိုင် (မောင်တော) ၏ "ရည်ရွယ်ချက်နဲ့ ကြိုးစားသူ" ကဗျာကဏ္ဍအပါအဝင် ဆေးရောင်ခြယ် ကဏ္ဍနှင့် ရွှေသွေးစကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄ဝဝ ဖြင့် စာပေဗိမာန် စာအုပ်အရောင်း ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၆-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ ဗိဗိဓသန့်စင်သောသွေးဖြင့် အသက်များကို ကယ်တင်ကြပါစို့
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၈)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဝက်တင့်စေ ဆိုကရေးတီးအမွေ
- ၁၇:၀၅ စေတနာအလှူ
- ၁၇:၂၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၃)
- ၁၉:၃၅ ပညာရည်မြင့်မားရေးဆောင်ရွက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'အလွမ်းမိုးရာသီ' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၁၀)

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 A Grate Musician of A Horn Violin
- 07:31 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
- 07:53 World Blood Donor Day
- 08:01 News
- 08:26 Global Updates: Climate threat and human activity
- 08:35 Attractive New Destinations of Bagan
- 08:56 People's Military Service Law 6
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- 09:24 May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si
- 09:40 The Great Collector: Myanmar Antique Furniture and Handicraft
- 10:01 News

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
မိုးနဲမြို့က ရှေးမှုလက်ရာမပျက် ရှမ်းရိုးရာ ဆွမ်းအုပ်ကလေးများ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အသီးအနှံဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း-၂)

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ပေါ်ဒေသ သဘာဝများဖွံ့လုပ်ငန်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ပျော်ဆန်တဲ့အလုပ်တရားများရှိရာငှက်ကျွန်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ညြဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ဖလမ်းမြို့နှင့် Fred

**ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀)**
မြတ်နိုးဖွယ်ရာဝါးလက်မှုပညာ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာသီစာ သပြေသီးဟင်းလျာ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရေချောတိုင်တက်ပွဲ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာကျဲမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ SPORTS MAX
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၃)
- ၁၈:၀၀ Economic Review

### MRTV FARMERS' HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'ဝက်ယူဝင့်ကြွားတို့လယ်သမား' အောင်မြင်ထူးခြား Green Tea တောင်သူရဲ့စွမ်းအား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ New Flash
- ၁၈:၁၅ ဝီးအိမ် (ဇာတ်လမ်း)
- ၂၂:၀၀ Haunted Mansion 2023

### MRTV SPORTS HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၀၆:၁၀ အားကစားဇာတ်လမ်း 'ပဥ္စလက်ခြင်းလုံး'
- ၀၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မုံရွာမြို့၌ အခြေခံကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သည့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အခြေခံကွန်ပျူတာသင်တန်း (၄/၂၀၂၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမတွင် ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းနှင့် စက်ချုပ်သင်တန်းတွင် တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် လူငယ်ဘဝမှသင်ယူသင့် သင်ယူထိုက်သည်များအား သင်ယူတတ်မြောက် ကြမှသာလျှင် အရည်အချင်းရှိသည့် လူငယ်များ ဖြစ်လာကြမည် ဖြစ်ကြောင်း၊ အရည်အချင်းရှိမှသာလျှင် မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိနိုင်ငံ၏အကျိုးအား သယ်ပိုးထမ်းရွက်နိုင်ပြီး စွမ်းရည်ပြည့်ဝသည့် လူချွန်လူမွန်ကောင်းများ ဖြစ်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက အခြေခံကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းများမှသင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများအား ပေးအပ်ကာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးထံ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခရိုင်တွင် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၄/၂၀၂၄) သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ငွေကျပ် ၁၀၇၅၀၀၀ အားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးထံ အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ငွေကျပ် ၁၉၉၈၀၀၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား နိုင်ငံတော်အစိုးရက အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



မသက်သက်လင်း

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသက်သက်လင်းအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မသက်သက်လင်းသည် ဇွန်လ ၁၂ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မသက်သက်လင်းသည် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တွင် အလုပ်လုပ်ကိုင်စဉ် ကျန်းမာရေးအခြေအနေကြောင့် မြန်မာနိုင်ငံသို့ပြန်လိုကြောင်း အေဂျင်စီရုံးသို့ ပြောကြားရာ အိမ်ရှင်က နိုင်ငံကူးလက်မှတ်ကုန်ကျစရိတ်၊ လေယာဉ်လက်မှတ်ခ၊ ယူအေအီးနိုင်ငံသို့ ရောက်ရှိချိန် သွားလာစရိတ်၊ အလုပ်မရမီ စားသောက်စရိတ်များပါဝင်သည့် ယူအေအီး ဒါဟမ်း ၂၃၀၀၀ (အမေရိကန်ဒေါ်လာ ၆၅၀၀)အကုန်အကျခံပြီး အေဂျင်စီရုံး၌ ပေးချေခေါ်ယူခဲ့ရခြင်းဖြစ်၍ ထိုငွေကို အိမ်ရှင်ထံ ပေးချေပြီးမှသာ ပြန်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှပို့ဆောင်ခဲ့သော မြန်မာအေးဂျင့်ကို အသိပေးရာတွင်လည်း ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့ကြောင်းသိရပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အသွား/အပြန် လေယာဉ်လက်မှတ်ခ မြန်မာငွေကျပ် ၃၃ သိန်း ကျခံစေ၍ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ရာ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ အဘူဒါဘီမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မသက်သက်လင်းက "ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ချောင်းမြို့နယ် လက်ပံကျေးရွာမှာနေပါတယ်။ ဒူဘိုင်းကို ၂၀၂၃ ခုနှစ် ဇွန်လမှာသွားရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဆေးရုံမှာ အလုပ်လုပ်ရင်း ဝင်ငွေအဆင်မပြေတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ဒူဘိုင်းမြို့ကိုသွားပြီး အလုပ်လုပ်ခဲ့ပါတယ်။ အိမ်ရှင်နဲ့အဆင်ပြေပေမယ့် အိပ်ချိန်မလုံလောက်ပါဘူး။ ည ၂ နာရီခွဲမှာအိပ်ရပြီး မနက် ၅ နာရီ ထရပါတယ်။ လုပ်ခလစာရပေမယ့် အိပ်ရေးမဝတဲ့ဒဏ်ကြောင့် အလုပ်လုပ်ရတာ အဆင်မပြေကြောင်းနဲ့ နှစ်ပတ်မှာတစ်ကြိမ် ဖုန်းသုံးခွင့်ရချိန်မှာ အိမ်ကို လှမ်းပြီးပြောတော့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကို အိမ်ကမိဘတွေက အကူအညီတောင်းခံခဲ့ပါတယ်။ ဒူဘိုင်းမြို့က မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အကူအညီပေးခဲ့တဲ့အတွက် မြန်မာပြည်ကို ပြန်လာခွင့်ရခဲ့တာပါ။ ယဉ်ကျေးမှုဘာသာစကားနဲ့ စားသောက်မှုပုံစံမတူတဲ့အတွက်လည်း အခက်အခဲများစွာရှိခဲ့ပါတယ်။ အဲဒီကိုသွားမယ်လို့ ပြင်ဆင်နေသူတွေရှိရင်လည်း မသွားစေလိုပါဘူး။ ရောက်ရှိနေသူတွေ အဆင်ပြေရဲ့လားလို့လည်း မြန်မာပြည်ကမိဘဆွေမျိုးများက လှမ်းပြီးမေးမြန်းသင့်ပါတယ်။ အဲဒီကိုသွားမယ်ဆိုရင် ငွေတစ်ခုတည်းနဲ့ မက်လုံးပေးတာကို မယုံကြည်ဘဲ လေ့လာစုံစမ်းပြီးမှ သွားသင့်ပါတယ်။ အခက်အခဲတွေအများကြီး စောင့်ကြိုနေလို့ပါ။ အခုလိုမြန်မာနိုင်ငံသားတစ်ဦး ဒုက္ခရောက်နေချိန်မှာ အစစအရာရာ ကူညီဖြေရှင်းပေးပြီး လေဆိပ်ကနေ အမိနိုင်ငံကို ပြန်ရောက်တဲ့အထိ အကူအညီပေးခဲ့တဲ့ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက လူကြီးမင်းများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချမှုတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံး ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး/ရဲထွန်း**

# ဆီဆိုင်ဒေသခံ ၆၀ နီးပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကြောင့် ယာယီတိမ်းရှောင်နေရာမှ မိမိနေရပ်သို့ပြန်လည်ရောက်ရှိလာသည့် ထီဗွာကျေးရွာမှ ဒေသခံပြည်သူ ၅၉ ဦးကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ကျေးရွာခန်းမအတွင်း၌ ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေလျက်ရှိရာ အဆိုပါဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေအိမ်များ မီးလောင်ပျက်စီးပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရသည့် ဆီဆိုင်မြို့နယ်မှ ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပုသိမ်မြို့၌ အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





ပုသိမ် ဇွန် ၁၃

အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါ ခန်းမတွင်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်ပြီး စိုက်ပျိုးရေးတွင် စံပြတိုင်းဒေသကြီးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပန်းတိုင်အထွက်နှုန်း မရောက်ရှိသေးသည့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုနှစ် နွေစပါးနှင့် အစေ့ထုတ်ပြောင်းသည် ပန်းတိုင်အထွက်နှုန်းရောက်ရှိပြီးဖြစ်ကာ မိုးစပါးတစ်ဧကဆယ်တင်းနှုန်း ပိုမိုထွက်ရှိရေးနှင့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း ပန်းတိုင်အထွက်နှုန်း ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ပြီး ပန်းတိုင်အထွက်နှုန်း ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးခြင်းသည် ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးကို လျော့ကျစေမည်ဖြစ်ပြီး ကြဲခင်းစနစ်များ လျော့နည်းပပျောက်စေရေးအတွက် မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်များအသုံးပြု၍ စနစ်တကျ စိုက်ပျိုးရမည်ဖြစ်ပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ် လျော့နည်းပပျောက်ရေး၊ စားသုံးဆီဖူလုံမှုရှိစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေးပို့သော လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင်မိုးသီးနှံများ စိုက်ပျိုးထွက်ရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူးက လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်ပပျောက်ရေး Drum Seeder လက်စွဲကောက်စိုက်စက် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူးက လည်းကောင်း၊ ပုသိမ်တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်များမှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ ဆရာမကြီးများနှင့် မြောင်းမြစိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိတို့က စိုက်ပျိုးရေးသုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တွေ့ရှိချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပေးအပ်ထားသော ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

☆ **ကျောဖုံးမှ**



ကေလာသတောင်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝမှုကို ထိန်းသိမ်းရန်၊ တားမြစ်သစ်ပင်များနှင့် အခြားသစ်မျိုးများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ကေလာသတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် တန်ဖိုးရှိသစ်မျိုးများဖြစ်သည့် အင်ကြင်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ ပိတောက်၊ တမလန်းပင်များနှင့် အခြားဒေသ မျိုးရင်းသစ်မျိုးများ ဖြစ်သည့် ယမနေ၊ ဒဟတ်၊ မျောက်ချော၊ သပြေ စသည့်တို့အား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရှားပါးမျိုးစိတ်ဖြစ်သော မျောက်ညိုနှင့် နေထိုင်ကျက်စားလျက်ရှိသော ချေ၊ ဆတ်၊ ဝက်၊ မျောက်နီ၊ တောကြောင်၊ တောကြက်၊ ဒေါင်းနှင့် ငှက်အမျိုးမျိုးစသည့် တောရိုင်းတိရစ္ဆာန်များအားထိန်းသိမ်းနိုင်ခြင်း၊ အဆိုပါတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာမည်ဖြစ်ခြင်းနှင့် မြို့ကြီးတောရကျောင်းရှိ သာသနာပြုရဟန်း/ သံဃာများနှင့် မြို့ကြီးကျေးရွာသူ/ ရွာသားများအတွက် အသုံးပြုသည့်ရေထွက်ဧရိယာအား ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

❂ **မြန်မာအသင်းမှ**

မြန်မာအသင်းသည် ကာတာနိုင်ငံ၌ ကျင်းပမည့် အုပ်စု (I) တွင် ဂျပန်၊ ကာဂျစ္စတန်၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့်အတူ အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။ ယင်းခြေစစ်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ငါးသင်း ငါးအုပ်စုနှင့် လေးသင်း ငါးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဗီယက်နမ်၊ ဆီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဂူအမ်၊ အုပ်စု (B) တွင် ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ တရုတ်တိုင်ပေ၊ ကမ္ဘောဒီးယား၊ နီပေါ၊ အုပ်စု (C) တွင် တောင်ကိုရီးယား၊ လက်ဘနွန်၊ ယူအေအီး၊ ကူဝိတ်၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု (D) တွင် သြစတြေးလျ၊ ဆော်ဒီအာရေဗျ၊ ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ မကာအို၊ အုပ်စု(E)တွင် တာဂျစ်ကစ္စတန်၊ အိုမန်၊ မလေးရှား၊ သီရိလင်္ကာ၊ မြောက်ကိုရီးယား၊ အုပ်စု (F) တွင် အင်ဒိုနီးရှား၊ ယီမင်၊ တီမော၊ မော်လ်ဒိုက်၊ အုပ်စု (G) တွင် အီရန်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ လာအို၊ အုပ်စု (H) တွင် အီရတ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု (I) တွင် ဂျပန်၊ ကာဂျစ္စတန်၊ မြန်မာ၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (J)တွင် ဂျော်ဒန်၊ ကာတာ၊ စင်ကာပူ၊ ဟောင်ကောင်အသင်းတို့ ပါဝင်နေသည်။

**ခြေစစ်ပွဲအောင်မြင်မည်**

ယင်းအုပ်စုများကို အိမ်ရှင်နိုင်ငံများအဖြစ် အုပ်စု (A)ကို ဗီယက်နမ်နိုင်ငံ၊ အုပ်စု (B) ကို တရုတ်တိုင်ပေ၊ အုပ်စု (C) ကို ကူဝိတ်နိုင်ငံ၊ အုပ်စု (D) ကို ဆော်ဒီအာရေဗျနိုင်ငံ၊ အုပ်စု (E) ကို တာဂျစ်ကစ္စတန်နိုင်ငံ၊ အုပ်စု (F) ကို အင်ဒိုနီးရှားနိုင်ငံ၊ အုပ်စု (G) ကို လာအိုနိုင်ငံ၊ အုပ်စု (H) ကို ထိုင်းနိုင်ငံ၊ အုပ်စု (I) ကို ကာဂျစ္စတန်နိုင်ငံ၊ အုပ်စု (J) ကို ကာတာနိုင်ငံတို့က လက်ခံကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေပြီး အာရှဖလား ခြေစစ်ပွဲမတိုင်မီ ဇူလိုင်လတွင်ကျင်းပမည့် ၂၀၂၄ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကိုညီလေး**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၁

၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၂

၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၃-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၀၆၅။ | ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်အုန်းကျင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၀၆၆။ | ကွယ်လွန်သူမိဘများအားအမှူးထား၍ ဒေါက်တာနေဝင်းနှင့်ဇနီး ဒေါ်နှင်းမာလှဦး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၄၀၆၇။ | မြိတ်ကျွန်းစုမိသားစုကောင်းမှု | ၂၇၅၀၀၀ |
| ၄၀၆၈။ | ဒေါ်ခင်ခင်နှင့် ထိုင်းသူငယ်ချင်း(၄)ယောက် မိသားစုကောင်းမှု | ၂၆၁၀၀၀ |
| ၄၀၆၉။ | ကိုအောင်မြင့်မြတ်နှင့်ဇနီး မအေးအေးခိုင်မိသားစုကောင်းမှု | ၁၆၀၀၀၀ |
| ၄၀၇၀။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်ဝါဝါခိုင်(ကျောင်းအုပ်ဆရာမကြီး) မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၀၇၁။ | ဦးအောင်ညွန့်နှင့်ဇနီး ဒေါ်နီနီလွင်၊ (သမီး)မအိမ့်အယ်သူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၀၇၂။ | ကွယ်လွန်သူဦးစောဖာဒါအားရည်စူး၍ မိသားစုကောင်းမှု | ၁၀၅၀၀၀ |
| ၄၀၇၃။ | ဗိုလ်မှူးကြီးညီဇော်ထက်နှင့်ဇနီး ဒေါ်မေသူဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၄။ | ဗိုလ်မှူးမျိုးဝင်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၅။ | ဒေါ်သဇင်မြင့်အောင်၊ (သား)မောင်ဇင်ကျော်ကျော်လွင် (သမီး)မပိုမိုမြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၆။ | ကွယ်လွန်သူဦးသန်းမောင်အားရည်စူး၍ ဒေါ်ငြိမ်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၇။ | ဦးဝင်းဦးနှင့်ဇနီး ဒေါက်တာဝင်းဝင်းကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၈။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်ညိုအားရည်စူး၍ ဦးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်ဇာနည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၇၉။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်ဖြူဖြူလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၀။ | မပွင့်ဖြူ(အရုပ်ဆိုင်)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၁။ | ဒေါ်ယဉ်ယဉ်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၂။ | ဦးစိုင်းတင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၃။ | ကွယ်လွန်သူဒေါ်ဝင်းစိန်အားရည်စူး၍ ဦးသောင်းစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၄။ | ဦးမောင်မောင်ဇင်မင်းနှင့်ဇနီး ဒေါ်မိမိစံ၊ (သား)မောင်မင်းသီတာကို၊ (သမီး)မသွန်းသံစဉ်နွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၅။ | ဆရာတော်ဦးဥက္ကံသကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၆။ | ဦးရန်လောက်ဆန်နှင့်ဇနီး ဒေါ်ရန်ကိုင်ဆော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၈။ | ရဲမှူးဖုန်းမြင့်နှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၈၉။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၀။ | ဦးစိုင်းဆန်စစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၁။ | မိဘနှစ်ပါးအမှူးထား၍ ဦးကျော်စောနှင့်ဇနီး ဒေါ်သန္တာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၂။ | မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၃။ | ဦးသောင်းလွင်နှင့်ဇနီး ဒေါ်ပိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၄။ | ဦးမင်းဆွေနှင့်ဇနီး ဒေါ်စန္ဒာဆင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၅။ | ကိုဇော်မိုးသိန်းနှင့်ဇနီး မအိအိမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၆။ | ကွယ်လွန်သူဦးသိန်းဝင်းအောင်အားရည်စူး၍ (ဇနီး)ဒေါ်တင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၇။ | ဦးစိန်ရွှေနှင့်ဇနီး ဒေါ်ငွေးကြင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၈။ | ဦးထင်ရှမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၀၉၉။ | ဦးအေးသောင်းနှင့်ဇနီး ဒေါ်ခင်နှင်းယုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၀။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်နီနီမာ၊ (သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၁။ | ကိုကိုမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၂။ | ကိုဖြိုးဇော်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၃။ | ဦးကျော်လွင်နှင့်ဇနီး ဒေါ်သန်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၄။ | ကိုခိုင်စန်းနှင့်ဇနီး မစောနီလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၅။ | ဦးချိန်ယုနှင့်ဇနီး ဒေါ်လိကယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၆။ | ဦးသန်းထူးနှင့်ဇနီး ဒေါ်ယုယုမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၇။ | ကိုဝင်းနိုင်နှင့်ဇနီး မမြနန်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၁၀၈။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးစိုးမိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းနိုင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၄၁၀၉။ | ဦးအုံးကျော်နှင့်ဇနီး ဒေါ်မူမူလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၀။ | ဦးမျိုးလှိုင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၁။ | ကိုနိုင်သူကျော်နှင့်ဇနီး ဒေါ်ဇင်မာမြင့်၊ (သမီး)မသင်းရနံ့နိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၂။ | ကွယ်လွန်သူဦးဖိတ်နှင့် ဦးရွှေချိုတို့အားရည်စူး၍ ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်စိန်စိန်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၃။ | ဦးဉာဏ်မြင့်ကျော်နှင့်ဇနီး ဒေါ်ကေသီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၄။ | ဦးစိုးလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၅။ | ဦးတင်အောင်ကိုနှင့်ဇနီး ဒေါ်စိုးစိုးရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၆။ | ဦးမြသန်းနှင့်ဇနီး ဒေါ်ကေသီလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၇။ | ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၈။ | ဦးမြအုန်းနှင့်ဇနီး ဒေါ်ညွန့်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၁၉။ | ကွယ်လွန်သူဦးမောင်ချစ်နှင့်ဇနီး ဒေါ်တင်တို့အား ရည်စူး၍ (သမီး)ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၀။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများနှင့် ဦးပလုတ်တို့အား ရည်စူး၍ ဒေါ်ဘေဘီထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၁။ | ဦးဉာဏ်မြင့်နှင့်ဇနီး ဒေါ်နှင်းမြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၂။ | ဆရာလေးနန္ဒာစာရီကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၃။ | မလှဲ့ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၄။ | Ocean Light မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၅။ | ဦးခိုင်မင်းထွန်းနှင့်ဇနီး ဒေါ်သက်သက်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၆။ | ဒေါ်နန်းရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၇။ | ဒေါ်သန်းမြတ်စိုး(ညီအစ်မ)ဒေါ်တင်တင်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၈။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်စန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၂၉။ | ဦးမောင်မောင်နိုင်နှင့်ဇနီး ဒေါ်စန်းစန်းထူး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၃၀။ | ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်ကေခိုင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၃၁။ | ဒေါ်စိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၃၂။ | ကိုဇော်ဇော်အောင်နှင့်ဇနီး မအိအိသွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၁၃၃။ | ဒေါ်ခင်ကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရှမ်းတဲကြီး)၊ မြေကွက်အမှတ်(၂၀၆)၊ မြေကွက်တည်နေရာ-ရှမ်းတဲကြီးကျေးရွာ၊ အောင်မင်္ဂလာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးတင်လှိုင်[၁၂/ဒဂရ(နိုင်)၀၂၈၄၄၃]အမည်ပေါက် ဧရိယာ(၃၅'x၁၅၅')စတုရန်းပေ၊ ရှမ်းတဲကြီးစီမံချက်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြေငှားဂရန် ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှုမှန်ကန်ကြောင်းနှင့် နှစ်(၆၀)ဂရန်လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါငယ်စာရင်းသတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင် နှစ်ထပ်ပျဉ်ထောင်သွပ်မိုးအဆောက်အဦတစ်လုံးနှင့် တစ်ထပ်ပျဉ်ထောင်သွပ်မိုးအဆောက်အဦတစ်လုံးရှိပြီး ကွင်းဆင်းသိရှိကြောင်း ဇနီး ဒေါ်တင်နွဲ့မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးတင်လှိုင်မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မြင့်စိုး[၈/ဆပဝ(နိုင်)၀၂၈၈၅၆]၏ လုပ်သက်စာအုပ် ရန်-၁၅/၉၁ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-975222011**

## မွေးသက္ကရာဇ်အမှန်

ဦးကျော်လင်းနိုင်၏သား မိုးကောင်းမြို့နယ်၊ အထက(ခွဲ)နမ္မန၊ KG တန်းမှ မောင်သန့်သီဟအောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၇-၂၀၁၉) ဖြစ်ပါသည်။

## အမည်ဖြည့်စွက်

ဦးမျိုးအောင်လီ၏ သမီး မြစ်ကြီးနားမြို့၊ Green Hill Academy Grade-(1) Eagle Class မှ မလတ်လီအောင်အား မဆောင်းလတ်လီအောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ်(၅၀/ယာ)၊ ခြေရင်းခန်း၊ မြေညီဟောင်ကောင်(၂)လွှာ၊ အကျယ်အဝန်း(၁၃x၅၅)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ဥမ္မာဝင်း [၁၂/မရက(နိုင်)၁၂၈၈၈၅]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၇၆၆)**
**အမှတ်(A–3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၅၄၁၅၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ သဒ္ဒါရုံ(၄) လမ်း၊ အမှတ်(၆၄၁/က)၊ (၁)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်ခန်းများအနက်မှ စတုတ္ထထပ်(၅–လွှာ) (အလျား ၁၈' x အနံ ၅၄') ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးအောင်ကိုကို [၁၂/သဃက(နိုင်)၀၀၃၇၈၇]က တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းချက်အရ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသိန်း[၁၂/ဥကတ(နိုင်)၁၆၂၁၅၃]က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာဝင်း ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဥ် – ၇၆၇၄)**
**အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၃၀၉၄၂၈၅၊ ၀၉–၇၉၈၃၈၅၁၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ်–၈၅၂ ဟု ခေါ်တွင်သော ပါမစ်မြေအမျိုးအစား အကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ) ရှိ ခြံ နှင့် မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးသိန်း [၁၂/ဒဂဆ (နိုင်)၁၅၀၂၆၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးမောင်မောင် [၁၂/ကခက(နိုင်)၀၈၉၃၃၈]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤခြံနှင့်မြေကွက် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထိုက်ထိုက်လွင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ် – ၄၉၉၂၆)**
**ဖုန်း–၀၉–၂၅၂၃၉၀၇၇၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ရွှေပြည်သာ(၂)လမ်း၊ မြေကွက်အမှတ်(၅၆၃)၏ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက် အမျိုးအစား၏ ပထမထပ်၊ ခြေရင်းခန်း၏ အကျယ်အဝန်း(၁၇x ၅၄)ပေရှိ လူနေတိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေမြတ်နိုး[၁၂/ဒဂမ(နိုင်)၀၃၇၆၃၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဥ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဥ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်အိမ်ရာ၊ အင်ကြင်းလမ်း၊ အမှတ်– B–27 နေ ဒေါ်ဖြိုးသန္တာမြင့် [၁၂/သကတ(နိုင်)၁၉၃၇၃၆]ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးသန္တာမြင့်နှင့် ဦးဝင်းနောင်အောင်[၁၂/ပဇတ(နိုင်)၀၃၁၅၉၃]တို့သည် (၁၄–၂–၂၀၂၀)ရက်နေ့တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးသန္တာမြင့်နှင့် ဦးဝင်းနောင်အောင်တို့သည်(၉–၆–၂၀၂၄) ရက်နေ့တွင် နှစ်ဖက်အသိသက်သေလူကြီးများရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးသန္တာမြင့်နှင့် ဦးဝင်းနောင်အောင်တို့သည် တရားဝင်ကွာရှင်းပြီးချိန်မှစ၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စနှင့်မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဆွေဇင်ဦး(LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၀၉၁၉) (၁၀–၄–၂၀၁၉)**
**အမှတ်(၉၀)၊ (၆)လွှာ၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–740954017**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ လူနေရပ်ကွက်အမှတ် (၁၆/၂)၊ သုဒဿန(၂)လမ်း၊ မြေကွက်အမှတ် (၁၁၈) ဟု ခေါ်တွင်သည့် မြေအကျယ် စတုရန်းပေ (၂၃၅၅) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဂရန်အမည်ပေါက် ဦးအောင်အောင်[၈/ထလန(နိုင်)၀၄၁၈၇၂]ထံမှ ယခုရောင်းချသူ ဦးဝမ်စိန်[၁၂/လသန(နိုင်)၀၀၂၁၈၆] က (၃၀–၃–၂၀၂၃) ရက်နေ့စွဲပါ အိမ်နှင့်မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၇၉၂၆)**
**အမှတ်(၃၃/၄၉)၊ အခန်း(၃၃)၊ ပထမထပ်၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၂၅၇၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ် (4E+4B၊ ၃)၊ Block No–3, ကားပါကင် Basement(၂)ထပ် အပါအဝင် (၃၄)ထပ် RC တိုက်မှ (၁၇–လွှာ)၊ အခန်းအမှတ်(၁၇–၀၂)၊ GOLDEN CITY CONDOMINIUM ဧရိယာ(၁၉၈၁.၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Development Co., Ltd. (ကိုယ်စား) ဦးမင်းမျိုးသန့် [၉/မထလ(နိုင်)၁၈၃၇၈၀] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးဆာရဝနာ [၁၂/ဒလန(ပြု)၀၀၁၉၄၀]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဆာရဝနာ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၉၇၆၅)** |
| **ဖုန်း–၀၉ –၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၊ လူနေရပ်ကွက်–၁၁၊ ရာဇသင်္ကြန်–၂လမ်း(အထက်)၊ မြေကွက်အမှတ်–၁၀၅၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဒေါ်မြမယ်+၃ အမည်ပေါက်ဂရန် မြေကွက်အနက်မှ ဒေါ်မြမယ် တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အကျယ်အဝန်း (၁၃ပေx၆၀ပေ) မြေကွက်နှင့်နေအိမ်ကို မိခင် ဒေါ်မြမယ် ကွယ်လွန်ပြီးနောက်သားဖြစ်သူ ဦးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၂၂၀၀] ကိုင်ဆောင်သူမှ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်းကြေညာ၍ ပြန်လည်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့ဇော် [၁၂/ဥကမ(နိုင်)၁၉၃၈၉၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ငြိမ်းချမ်းဝေ ( LL.B )**
**တရားလွှတ်တော်ရှေ့နေ ( စဥ် – ၁၆၇၃၀)**
**အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (B–2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၆၃၀၀၆၁၆**

## ဒေါ်ကြည်ဖြူသန့်[၇/ဒဥန(နိုင်)၁၄၅၈၅၆] ကိုင်ဆောင်သူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်မြတ်ကောင်း [၁၂/သကတ(နိုင်) ၁၉၉၉၉၅] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကြည်ဖြူသန့်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ ဦးမြင့်မြတ်ကောင်းနှင့် ဒေါ်ကြည်ဖြူသန့်တို့သည် (၆–၆–၂၀၂၁)ရက်နေ့မှစတင်ကာ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်း၍ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်နေအိမ်တွင်ပင် အတူတကွပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုကဲ့သို့ အတူတကွပေါင်းသင်း နေထိုင်လာခဲ့ကြရာမှ ဒေါ်ကြည်ဖြူသန့်သည် ကျွန်ုပ်မိတ်ဆွေထံသို့ ခွင့်ပြုချက်တစ်စုံတစ်ရာတောင်းခံခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအလျောက် အကြင်လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ကြသည့် ငွေကျပ်(၁၆)သိန်း၊ မီးလင်းအခေါက်ရွှေ (၂)ကျပ်သားကျော်ခန့်၊ ရွှေတုံး(၁)တုံးတို့နှင့် I Phone အမျိုးအစား– 14 Promax, Handset (၁)လုံးတို့အား ယူဆောင်ကာ (၈–၆–၂၀၂၄) ရက်နေ့ ည(၉)နာရီအချိန်ခန့်တွင် နေအိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဇနီးဒေါ်ကြည်ဖြူသန့်အား ထိုက်သင့်သော ဝီရိယဖြင့် ဆက်သွယ် ကြိုးစားရှာဖွေခဲ့သော်လည်း ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ဇနီးဒေါ်ကြည်ဖြူသန့်အနေဖြင့် ရောက်ရာအရပ်မှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ မပျက်မကွက် အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ဇနီး ဒေါ်ကြည်ဖြူသန့်အား မည်သူမဆို အတင်းအကြပ်သော်လည်းကောင်း၊ ခြိမ်းခြောက်အနိုင်အထက်ပြု၍သော်လည်းကောင်း၊ သွေးဆောင်ဖြားယောင်း၍သော်လည်းကောင်း၊ လက်ခံထားရှိခဲ့သူ မည်သူ့ကိုမဆို ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်များဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ကြည်ဖြူသန့်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြင့်မြတ်ကောင်း** | **ဦးအောင်နိုင်စိုး (LL.B)** |
| **[၁၂/သကတ(နိုင်)၁၉၉၉၉၅]** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၉၈၈၂) (၂၉–၄–၂၀၁၄)** |
| | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊** |
| | **၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၇၂၉၃၃၄၄၊** |
| | **၀၉–၇၉၈၁၉၃၂၉၉၊ ၀၉–၄၄၃၁၉၃၃၄၄** |

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်တွင် နေထိုင်သူ (ဘ)ဦးလှဖြူသံ၏ သမီး ဒေါ်အေးအေးခိုင်[၁၁/စတန(နိုင်)၀၀၀၀၀၇]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁–၁–၁၉၇၄)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉၄၊ အောင်စေတီစီမံချက်၊ မြေကွက်အမှတ်–၁/ခ– B–၄၃၊ ဧရိယာ(၀.၀၅၆)ဧက၊ မြေကွက်တည်နေရာ အမှတ်(၇၄၀/က)၊ ဗိုလ်တေဇလမ်း၊ ဓော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးမောင်မောင်ထွန်း[၁၂/စခန(နိုင်)၀၀၃၆၆၄] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ထွန်း(ဖခင်) သည် ၁၀–၈–၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းမြင့် (မိခင်) သည် ၃–၆–၂၀၁၃ ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဦးမိုးကိုကို[၁၂/အစန(နိုင်)၁၈၈၇၂၈]မှ တစ်ဦးတည်းသောသား တော်စပ်ကြောင်း၊ အခြားအမွေစားအမွေခံ ကိတ္တိမ သား၊ သမီး မရှိဘဲ ၎င်းသာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံသူ ညီအစ်ကိုမောင်နှမ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်း၊ ဦးမောင်မောင်ထွန်းနှင့် ဒေါ်သန်းမြင့်တို့၏ သေဆုံးမှုလက်မှတ်(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရှမ်းတဲကြီး)၊ မြေကွက်အမှတ်(၂၀၈)၊ မြေကွက်တည်နေရာ–ရှမ်းတဲကြီးကျေးရွာ၊ အောင်မင်္ဂလာလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ကြည်ကြည်ခိုင်[၁၂/ဒဂရ(နိုင်)၀၁၁၂၂၆]ဂရန်ပေးစီမံချက်မြေ အမည်ပေါက်ဧရိယာ(၂၅'x၁၅၅') စတုရန်းပေ၊ ရှမ်းတဲကြီးစီမံချက်မြေအားအမည်ပေါက် ကိုယ်တိုင်မှရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြေငှားဂရန်ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏မြေပိုင်ဆိုင်မှုမှန်ကန်ကြောင်းနှင့် နှစ်(၆၀)ဂရန်လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါငယ်စာရင်းသတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင် တစ်ထပ်ပျဉ်ထောင်သွပ်မိုးအဆောက်အဦတစ်လုံးရှိပြီးကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ကြည်ကြည်ခိုင်မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်–၆၉၊ ၂ ခန်းတွဲ ၆ ထပ် အဆောက်အဦ၏ ပထမထပ်၊ ၂–လွှာ/B တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်စန်းစန်းဦး [၁၂/အစန(နိုင်)၀၄၆၀၃၃] ကိုင်ဆောင်သူက အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးအိကြူ [၁၂/လသယ (နိုင်)၀၄၃၂၀၂]ကိုင်ဆောင်သူက လက်ရောက် အပြီးအပိုင် ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွေးအိကြူ ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၆၁၅၀)**
**အမှတ်– ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/၂)၊ မြေကွက်အမှတ်(၃၅၁) ဟုခေါ်တွင်သော အိမ်အမှတ်(၃၅၁)၊ ပြည်တော်သာ(၅) လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်ရှိ ဦးအောင်မျိုးနိုင် [၁၂/လကန (နိုင်)၁၅၅၇၇၈] အမည်ပေါက် ပေ(၄၀x၆၀) ဧရိယာ(၀.၀၅၅)ဧက ကျယ်ဝန်းသည့် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ကိုယ်တိုင် လက်ရှိ တရားဝင်ပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးနိုင်[၁၂/လကန(နိုင်)၁၅၅၇၇၈] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဥ်–၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဥ်–၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းကျေးရွာအုပ်စု၊ ပျော်ဘွယ်စုကျေးရွာ၊ အင်းကန်ကွင်း၊ ကွင်းအမှတ်(၆၄၅)၊ ဦးပိုင်အမှတ်(၇၀/၂)၊ အိမ်အမှတ်(၆၉)တည်ရှိရာ ဥယျာဉ်ခြံမြေ၏ အကျယ်အဝန်း (၅၀x၂၁၇)စတုရန်းပေ၊ ဧရိယာ(၀.၂၁)ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သန်းသန်းအေး[၁၂/ရပသ(နိုင်)၀၂၁၁၀၂]က မူလပိုင်ရှင်ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူကာ တရားဝင်လက်ရှိထားပိုင်ဆိုင်လာခဲ့ကြောင်းနှင့် ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းထိုက်အောင်[၈/အလန(နိုင်)၁၂၅၄၂၃]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | |
| **ဦးသန်းထိုက်အောင်** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဇော်ဇော်ဟန် (LL.B,D.B.L,D.I.L)** | **ဒေါ်အိအိကို ( LL.B,C.B.L,D.I.L )** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၈၅၄၀)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၈၅၈၄)** |
| **ဖုန်း –၀၉–၄၃၀၆၄၄၉၀၊** | **ဖုန်း–၀၉–၄၂၂၀၅၃၉၁** |

**အမှတ်–၆၂/(၆လွှာ)၊ အောင်သပြေလမ်း၊ ကျွန်း(လယ်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်–မြို့ကွက်သစ်၊ မြဘုံသာ(၁)လမ်း၊ ဦးပိုင်အမှတ်(၁၀/က)၊ မြေဧရိယာ(၀.၄၅၉)ဧက၊ မြေအမျိုးအစား–မြို့မြေ၊ ဦးဌေးလွင် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ (၄)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဦးမင်းဇော် [၁၄/ပတန(နိုင်)၀၁၁၆၅၆]၊ (၂) ဦးမောင်မောင်ဇော်[၁၄/ပတန(နိုင်) ၀၀၂၄၀၁]၊ (၃)ဒေါ်ခင်ယုမေ [၁၄/ပတန(နိုင်)၀၀၁၅၃၀]၊ (၄)ဒေါ်သီတာလွင်[၁၄/ပတန(နိုင်)၁၁၇၉၈၉]၊ (၅)ဒေါ်နန္ဒာလွင်[၁၄/ပတန(နိုင်)၁၃၂၈၇၆]၊ (၆) ဒေါ်ဟေမာလွင်[၁၄/ပတန(နိုင်)၁၇၃၇၈၄]၊ (၇) ဦးဟိန်းထက်အောင် [၁၄/ပတန(နိုင်)၂၂၁၁၉၂]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး**
**[LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဥ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၄.H၊ မြေကွက်အမှတ် - ၈၄.E/၄/၁၊ (၀.၀၉၅ - ဧက)အကျယ်အဝန်းရှိမြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သည့်မြေကွက်အဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ **လီဖုရှင်(ခ)ဒေါ်စန်းစန်းအေး(၁၃/လရန(နိုင်)၀၈၁၄၉၄)**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

ဦးရိုင်းထွန်းအေး (စဉ် - ၃၉၁၇) B.A, M.A(Philo;), H.G.P, R.L, B.D.S(MOFA), DL-101-WIPO, D.I.L, D.M.L
ဒေါ်အေးအေးအောင် (စဉ် - ၄၃၂၂) LL.B
ဦးမျိုးညွန့် (စဉ် - ၅၁၄၂) LL.B,D.B.L
ဒေါ်ခင်မာဆွေ (စဉ် - ၇၈၉၈) LL.B,LL.M

**အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၄၄၃၁ ၆၅၆၅၆ ၊ ၀၉ ၄၄၃၁ ၉၄၄၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၊ လူနေရပ်ကွက်အမှတ်–၁ရပ်ကွက်(တိုးချဲ့)၊ မြေကွက်အမှတ်– ၁၃၊ အကျယ်(၂၅ပေx၅၀ပေ)၊ မြေအမျိုးအစား–နှစ်(၆၀)ဂရန်မြေ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ မြေညီထပ်၊ ခေါင်းရင်းခန်း၊ အကျယ်(၁၂'.၅"x၄၅')ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးတင်ငွေ [၁၂/မရက(နိုင်)၀၄၁၆၂၄] (ISN – ၀၃၆၁၅၄) (၎င်းကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် – ၆၁၂၈/၂၀၂၁ (၁၁–၁၁–၂၀၂၁)အရ ဦးနေမျိုးထွန်း [၁၂/လမန(နိုင်)၁၇၁၇၁၇]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၁၊ မြေကွက်အမှတ်(၁၁၈၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးမြင့်ဦး အမည်ပေါက် ပါမစ်မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ထံမှ လက်ဆင့်ကမ်းအရပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးထွန်းကိုကိုလတ် [၈/ရနခ(နိုင်)၀၆၉၈၇၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B,D.B.L, D.I.L, D.I.R တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၂၄၅)၊ ၂–ခန်းတွဲ၊ ၈ ထပ်ခွဲတိုက်၏ ၈–လွှာ(ဘီ)၊ အကျယ်အဝန်း(၁၈x၅၄)ပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထား၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးစိုးစိုးသန်း(ခ)ဦးစိုးစိုး [၁၂/ဗဟန(နိုင်)၀၈၃၈၉၅]ထံမှ ကျွန်ုပ်ကိုယ်တိုင် ဝယ်ယူခြင်းအတွက် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုနိုင်လင်းထွန်း [၈/ဆပဝ(နိုင်)၀၆၉၉၃၄]**
**Ph:09–420011751**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃–၆–၂၀၂၄ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၁၉)ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃–၆– ၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(ကော့ပရံ) Grade–10 မှ မဝတ်မှုံဖူး၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းနိုင်[၁၀/မဒန(နိုင်)၁၇၇၈၈၃] ဖြစ်ပါကြောင်း။

**ဦးတင်ဝင်းနိုင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ငွေတင်၏ သားဖြစ်သူ မောင်ဝင်းမော်ထွန်း[၉/ပမန(နိုင်)၀၆၀၉၀၂]သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ငွေတင်[၉/ပမန(နိုင်)၀၁၀၈၈၇]**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ (အလယ်တန်းပြ)ဒေါ်ဖြူဖြူဝင်း၏ ဖခင် ဦးအက်စ်ရစ်ချက်(ခ)မစ္စတာရစ်ချတ်(ခ)ဦးကြည်[၉/မမန(နိုင်)၀၃၃၄၆၀]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ မရမ်းဘေးကျေးရွာနေ အဖ ဦးတင်ရီ[၁၂/ကတန(နိုင်)၀၆၇၉၄၉]၊ အမိ ဒေါ်လှလှဌေး [၁၂/ကတန(နိုင်)၀၆၇၉၄၆] တို့၏သား [၁၂/တတထ(နိုင်)၀၀၁၁၉၈]ကိုင်ဆောင်သူ မောင်အောင်ပြည့်ဖြိုး(ခ)မောင်ဖိုးအိ သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများသည် မိဘများနှင့်လုံးဝ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ရီ+ဒေါ်လှလှဌေး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက် (ဘ) ဦးဇော်မင်းအောင်၏ သမီးဖြစ်သူ အထက(၂) လမ်းမတော် Grade– (5)တွင် တက်ရောက်နေသူ မသိမ့်သက်ထားအောင်အား မသီရိချမ်းမြေ့ ဟုပြောင်းလဲ ခေါ်ဝေါ်ပေးပါရန်။

## "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ်(၇၂၄)နေ ဦးကျော်စွာထွန်း[၁၂/ သကတ(နိုင်)၁၃၅၄၉၁]ကိုင်ဆောင်သူနှင့် ဒေါ်သူဇာဝင်းမော်[၁၄/မမက(နိုင်)၁၆၄၃၄၇]တို့သည် (၂၀၁၅)ခုနှစ်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်ကြသဖြင့် (၁၂– ၆–၂၀၂၄)ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထွန်း**
**LL.B, D.B.L, D.I.P, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၁၉)**
**အမှတ်(၇၂၄)၊ ယမနေ(၅)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၃၆၃၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE(1)တိုးချဲ့ရပ်ကွက်၊ BM(1)လမ်း၊ အမှတ်(၄၉၃/က)တရားဝင် မခွဲစိတ်ရသေးသော မြေအကျယ်ပေ(အလျား၂၀xအနံ၆၀)(ပါမစ်မူရင်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ကြိုင် (CE–၀၇၁၈၂၂)အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဦးစိုးလေး [၁၂/ဒဂမ(နိုင်)၀၅၄၆၉၅]မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## အများသိစေရန် ကြေညာချက်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄–ဒီ၁)၊ မြေကွက်အမှတ်(V–၃၁A၊ ၃၁B)၊ အမှတ်(၁၅၀၊ ၁၅၂)တွင် (၈ ၁/၂ )ထပ်တိုက်အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၁၈–၂–၂၀၁၃ရက်စွဲပါ စာအမှတ်၊ ၂၃၀၄/၂၄၅၂/စည်ပင်–ယာ(အုံ)မြေရှင် ဦးမြတ်သန်း၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်နီနီအောင်၊ ဒေါ်ဝေဝေအောင်၊ ဦးအောင်ဖြိုး၊ ဒေါ်ချိုချိုအောင်တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးညွန့်မောင်ရှိန်၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်သူဇာ(LC–၄၂၅)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ကေသီအောင်(LS–၆၃၁) တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ (၈ ၁/၂ )ထပ်တိုက် အဆောက်အအုံဆောက်လုပ်ပြီးစီး၍ အဆောက်အအုံပြီးစီးကြောင်းလက်မှတ် (BCC) လျှောက်ထားရန်အတွက် ဆောက်လုပ်ခွင့်ပြုမိန့်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခံရသူ ဦးညွန့်မောင်ရှိန်အား ဆက်သွယ်၍မရပါသဖြင့် မြေရှင် ဦးမြတ်သန်း၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်နီနီအောင်၊ ဒေါ်ဝေဝေအောင်၊ ဦးအောင်ဖြိုး၊ ဒေါ်ချိုချိုအောင် တို့မှတင်ပြလာခြင်းနှင့် ဆောက်လုပ်ခွင့်ပြုမိန့်ပါ လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်သူဇာ (LC–၄၂၅)အား ဌာနမှ လိုင်စင်ရကန်ထရိုက်တာ စာရင်းမှပယ်ဖျက်၍ (Black List)ရေးသွင်းထားခြင်းတို့ကြောင့် မြေရှင်များမှ BCC လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၄ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၃၀၅

| | |
|---|---|
| ဒေါ်မာမာဦး(ခ)ဒေါ်ခင်ရဲမြင့် နှင့် | ၁။ ဒေါ်အေးအေးသက် |
| | ၂။ ဦးသိန်းမြင့်ဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ချယ်ရီမိုး) |
| **(အယူခံတရားလို)** | **(အယူခံတရားပြိုင်များ)** |

၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ (၁၀)မိုင်၊ သီရိမြိုင်လမ်း၊ အမှတ်–၁၀၅၀/၄(က)နေ အယူခံတရားပြိုင်(၂) ဦးသိန်းမြင့်ဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ချယ်ရီမိုး)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်( ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁) ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အမှတ်စဉ် (၃/၂၀၂၄)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်မှ (၂၀၂၄–၂၀၂၅) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ( မြို့ပြ/ရေသန့်/ လျှပ်စစ် ) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ( ၁ –၇–၂၀၂၄) (ညနေ ၄:၀၀) နာရီ |
| ၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - | ( ၄ –၇–၂၀၂၄ ) (နံနက် ၁၀:၃၀ နာရီ) |
| ၃။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ | - | အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊ သံသုမာလမ်းနှင့် သရဖီလမ်းထောင့် မင်းဒင်မှတ်တိုင်၊ သုဝဏ္ဏ |

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့ (၁) ရန်ကုန်တွင် ရုံးချိန်အတွင်း ဖုန်း–၀၉–၄၂၀၀၃၆၆၂/ ၀၉–၄၃၀၉၈၉၆၇ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**မှတ်ချက်။ ။ ပြောင်းလဲမှုရှိလျှင်အကြောင်းကြားပါမည်။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၈၄၂)၊ ဧရိယာ(၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ကျင်နွဲ့ အမည်ပေါက် ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမြင့်သူ [၉/ပမန(နိုင်)၁၈၉၉၂၈]က အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း**
**(LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇(မြေညီထပ်)၊ ၃၈လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၇)ဟု ခေါ်တွင်သော နှစ်ခန်းတွဲ(၈)ထပ်တိုက်၏ မြေညီထပ်၊ မျက်နှာမူလျှင် (လက်ယာဘက်)၊ အကျယ်အဝန်း (အလျား ၃၀ပေxအနံ၄၀ပေ)အကျယ်ရှိ တိုက်ခန်းတစ်ခန်းနှင့်၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ TAY ENG CHWAW(ခ)ဦးထွန်းအောင်[၁၂/ကတတ(ဧည့်)၀၀၀၈၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဥကတ(နိုင်)၁၅၂၅၀၈]က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄–လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၃၁၃၅၂**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဥဩရပ်ကွက်၊ ဇီဇဝါလမ်းနှင့် အင်ကြင်းလမ်းထောင့်၊ အမှတ်(၃၁/၃၂)၊ Myat Ingyh Housing (စီမံကိန်း)ရှိ မြေကွက်အမှတ် B4, B5 အကျယ်အဝန်း အလျား x အနံ(၂၀x၆၀)ပေရှိ မြေကွက် (၂)ကွက်နှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးထွန်းထွန်းနိုင် [၁၄/ပသန(နိုင်)၀၀၀၉၉၉]နှင့် ဒေါ်ယဉ်မင်းဦး[၁၂/ပဇတ(နိုင်)၀၀၂၁၄၅]ကိုင်ဆောင်သူတို့မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းတန်[၇/အဖန(နိုင်)၀၉၄၂၁၄]နှင့် ဒေါ်မွန်မွန်သဲ[၁၂/တတန(နိုင်)၁၆၈၆၅၃]တို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သွယ်သွယ်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၂၃၇)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၄၂၀၀၄၁၁၃၇**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်–

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် – ၅၈၊ သတ္တမထပ် (ခုနစ်လွှာ)၊ (၂၄ x ၆၀)ပေ အကျယ်အဝန်းရှိသော တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်ထွေးဇံ [၁၁/စတန(နိုင်)၀၄၉၈၃၁]မှ မိမိ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းယုအောင် [၇/လပတ(နိုင်)၁၂၁၈၅၁]မှ ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းယုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းထက်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)နှင့် (၈)၊ ကန်သာယာလမ်း၊ တိုက်အမှတ်(အီး)၊ အခန်းအမှတ်(၅)၊ ပထမထပ်၊ (၂)လွှာ၊ ဧရိယာ(၃၂×၃၂)ပေ၊ ဧရိယာ (၇၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းကို တရားဝင်ဆက်စပ်စာချုပ်များဖြင့်တရားဝင်ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်း ကြောင်းဝန်ခံကတိပြုသူ **ဦးကျော်ကျော်ဦး (၁၄/ပပတ(နိုင်) ၁၃၅၁၂၇)** ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေ အဖြစ်ပေး ချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများ နှင့်တကွယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၂၇)
အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉–၄၃၂၀၇၃၃၉၊၀၉–၄၂၀၀၈၇၁၇၇

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ်(၁၄၀၃)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်ရှိန် (EC–၀၄၄၉၉၂)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထိန်လင်းအောင် [၉/ပမန(နိုင်)၀၄၄၇၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ဝင်းသီတာ [၁၂/ဥကတ(နိုင်)၁၄၃၇၉၉]၊ ဒေါ်ခမ်းနန္ဒာဖေ [၁၂/လမတ(နိုင်)၀၀၂၀၆၅]တို့က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၆၂)**
**အမှတ်(၁၃၁)၊ အင်းဝလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း – ၀၉–၄၂၀၀၄၅၃၂၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်းသွယ်၊ အမှတ် (၂၆)၊ (ပထမထပ်) ဟု ခေါ်တွင်သော လက်ရှိမြေပိုင်ရှင် ဦးမြင့်သန်းနှင့် ဒေါ်ရဟီမာ(ခ) ဒေါ်မီးမီးဦး၏ မြေပေါ်တွင် တည်ဆောက်ထားသည့် အကျယ်အဝန်း (၁၃ပေခွဲx၅၅ပေ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ရဟီမာ (ခ) ဒေါ်မီးမီးဦး [၁၄/ပသန(နိုင်)၀၄၀၉၂၆]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးမြမေ [၁၂/လသယ(နိုင်)၀၃၅၆၇၂]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမာကျင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၉၉)**
**အမှတ် –၁၅၇/က၊ ခ (၆)လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်။**
**ဖုန်း–၀၉–၄၂၀၁၁၈၀၈၅**

---

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်းနှင့် အင်ကြင်းလမ်းထောင့် မြေကွက်အမှတ်(၈၉၇)၊ (၄၅ပေ x၆၀ပေ)၊ (၂၇၀၀)စတုရန်းပေ၊ (၀. ၀၆၂)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမျိုးမြင့်အောင် [၁၀/မလမ(နိုင်)၀၆၁၂၁၆]နှင့် ဒေါ်ချိုချိုခိုင်[၁၀/မလမ(နိုင်)၂၀၃၃၃၁]တို့က ဂရန် အမည်ပေါက်ပြီး ယခုရောင်းချသူ ဦးဇမ္ဗူကျော် [၅/ဒပယ(နိုင်)၀၇၈၂၇၅]က ဂရန်အမည်ပေါက်များထံမှ ရန်ကုန်မြို့ရှိ မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၂၅၀၉/၂၀၂၄ဖြင့် ဝယ်ယူလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ ယင်းမြေကွက်၏ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း (လမ်းမနှင့်ကပ်လျက်ရှိသောခြမ်း) (၂၅ပေx၆၀ပေ)အကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားအရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်တို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင် LL.B,DBL,DIL,MA(Business Law)** | **ဒေါ်ပိုးဇာနည်ဝင်းLL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၀၅၉၅)** |
| **ဖုန်း –၀၉–၄၃၀၉၄၆၇၂** | **ဖုန်း –၀၉–၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B–1 / B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထုံးကြီးစံပြကျေးရွာ၊ ဈေးပိုင်းရပ်ကွက်၊ အင်းတကော်–ကဝလမ်းမကြီးဘေးရှိ (ခြံမြေ)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၄၀'xအနံ၆၀')၊ ဧရိယာ(၀.၁၀)ကေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစိုးမြင့်[၇/ပခန(နိုင်)၀၂၀၂၃၅]မှ အမွေစုလက်ဝယ်ပိုင်ဆိုင်ပြီး မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးသူအောင်[၇/ကဝန(နိုင်)၁၅၀၄၄၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်ရှိသူအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးကြူဖြိုး (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၉၈)**
**အမှတ်(၁၀၁၂)၊ ရွှေဝါထွန်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**ဖုန်း–၀၉–၇၉၄၂၀၃၇၅၅**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ အောင်ရွှေစင်လမ်း၊ မြေကွက်အမှတ်(၁၁၅)၊ (အလျား ၄၀' x အနံ ၆၀')၊ ဧရိယာ(၂၄၀၀)စတုရန်းပေအကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ထွန်း (ဘ) ဦးနိုင် [၁၃/တကန(နိုင်)၂၄၅၀၀၉] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၃၄၇)**
**ဖုန်း–၀၉–၄၂၀၃၀၆၉၃၈**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၆၁၈)၊ အကွက်အမှတ်(၆၅/ဘိုကုန်း)၊ ဦးပိုင်အမှတ်(၁၂၅)၊ ဧရိယာ(၀.၀၇၀)ကေရှိ ဒေါ်သန်းစိန် အမည်ပေါက်ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သီသီဝင်း[၁၀/မလမ(နိုင်)၁၆၈၅၃၇]၊ ဒေါ်လှဝင်းချို[၁၀/မလမ(နိုင်)၁၉၂၂၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းနိုင်[၁၂/လမန(နိုင်)၀၀၂၄၇၂]က အပြီးအပိုင် ဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်–၅၅၂၊ ၇လွှာ(အေ)၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိလက်ဝယ် ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြိုင်နွယ်စိုး [၈/ရနခ(နိုင်)၀၉၂၇၂၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးသူရိန်မြင့် LL.B** | **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L** |
| **(စဉ်–၉၅၂၁/၂၀၁၃ခုနှစ်)** | **(စဉ်–၁၂၈၁၈/ ၂၀၁၇ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း –၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၇၊ မြေကွက်အမှတ်–၁၀၀၁၊ မြေကွက်တည်နေရာအမှတ်–၁၀၀၁၊ စေတနာလမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးတင်ဝင်း) MAG–142849 အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း) ဦးတင်ဝင်းကွယ်လွန်သဖြင့်(ဇနီး)ဒေါ်တင်လှိုင်[၈/မကန(နိုင်)၀၀၈၂၇၄]မှ တစ်ဦးတည်းသောတရားဝင် ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးတင်ဝင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)၊ ဒေါ်တင်လှိုင်ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်_၂၃၀၅၁/၂၀၂၃(၂၆–၁၀–၂၀၂၃)ဖြင့် ဦးသန့်လွင်[၈/မကန(နိုင်)၀၀၀၁၂၅]မှ ရယူပြီး အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖခင်အမည်မှန်

သန်လျင်မြို့၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ အခြေခံမူလတန်းလွန်ကျောင်း၊ Grade–8 တွင် ပညာသင်ကြားနေသော မနန်းဒေဒေဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဦး[၁၄/ညတန(နိုင်)၁၁၁၈၀] ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ–ထ–က(၂)Grade–12မှ (ဘ) ဦးသက်အောင်၏ သမီး မသက်ဖူးယမုံအား မနှင်းထက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းထက်ခိုင်**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးစန်းကျော်ညွန့်၏ သမီး မစန်းသော်တာ [၁၂/လကန(နိုင်)၂၆၄၄၄၁]၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 272351) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်းနံပါတ်–၀၉–၇၅၇၆၄၅၀၅၂**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးစန်းကျော်ညွန့်၏ သမီး မထက်ထက်နွယ် [၁၂/လကန(နိုင်)၂၅၉၃၃၂]၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 272352) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်းနံပါတ်–၀၉–၇၆၁၆၀၅၄၁၆**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောမြထူး[၁၄/ဝခမ(နိုင်)၁၃၆၉၈၇]၏ ရေယာဉ်အုပ်လက်မှတ် ဆဒ–၀၂၁/၀၄မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–898884474**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊မြေကွက်အမှတ်–၁၂၂၂၊ မြေကွက်တည်နေရာအမှတ်–၁၂၂၂၊ အနော်ရထာလမ်း၊ ၅ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစိုးမြင့်သိန်း [၁၂/သဃက(နိုင်)၀၃၀၉၂၉]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၂၅/၂၀၂၃) တရားမဇာရီမှု အမှတ်(၃၄/၂၀၂၃) (၂၈–၉–၂၀၂၃)နှင့် အရောင်းအဝယ်စာချုပ်အမှတ် (၁၆၈၂/၆–၃–၂၀၂၄) တို့ဖြင့်ပိုင်ဆိုင်သူ ဦးသန်းလှိုင်[၉/တသန(နိုင်)၁၀၃၈၈၆]မှ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ အရောင်းစာချုပ်၊ တရားရုံးအနိုင်ဒီကရီ၊ အမြတ်ခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ကျောက်ပြားကာသွပ်မိုး အဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူ၏ညီဖြစ်သူ ဦးအောင်မင်းဆွေ မိသားစု နေထိုင်ပါသည်။ ကွင်းဆင်းသည်ကို သိရှိကြောင်းနှင့် ညီဖြစ်သူထားရှိခြင်းနှင့် ပတ်သက်၍ တာဝန်ယူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးသန်းလှိုင်မှ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၆၊မြေကွက်အမှတ်–၁၂၅၅/က၊မြေကွက်တည်နေရာအမှတ်(၁၂၅၅/က)၊ဟံသာဝတီ(၂)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်အုန်းမြိုင်(BF-031028)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်–ဒေါ်အုန်းမြိုင်(မိခင်)နှင့်ဦးအောင်ကြည်(ဖခင်)တို့ကွယ်လွန်သဖြင့်သမီးများဖြစ်ကြသောဒေါ်ညီညီစန်း(၁၂/ဥကတ(နိုင်)၁၃၂၁၅၀)၊ဒေါ်စန္ဒာဝင်း(၁၂/ဥကတ(နိုင်)၀၅၅၈၆၆)၊ဒေါ်နွဲ့နွဲ့ဝင်း(၁၂/ဥကတ(နိုင်)၀၅၅၅၄၆)တို့မှသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်များ၊သေစာရင်းများ၊အိမ်ထောင်စုစာရင်းများ၊ဝန်ဆောင်ခတို့တင်ပြ၍နုတ်ကျန်ဂရန်ဖြင့်(ပိုင်ဆိုင်)မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၄ ရပ်ကွက်၊ ဝိစူရလမ်း၊ အမှတ်(၃၁၇ /က)၊ ဧရိယာ (၂၀ပေ x ၉၀ပေ) ပါမစ်အမည်ပေါက် ဒေါ်ရင်စိန်ထံမှ အရောင်းအဝယ် အဆင့်ဆင့်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်သော ဒေါ်အိနန္ဒာလှိုင်[၁၃/ဖခန(နိုင်)၀၄၈၂၂၂]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း LL.B, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုမင်္ဂလာလမ်းမကြီး၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၀၂၅၁၂၉၀၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၇)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း(ခေါင်းရင်းခြမ်း)၊ စတုတ္ထထပ်၊ (၅)လွှာ(A)၊ အကျယ်အဝန်း (အလျား–၁၂ ½ x အနံ–၅၀)ပေ အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်လက်ရှိထားပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ထွေး [၁၂/စခန(နိုင်)၀၈၃၄၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန်းလှိုင်[၁၁/ကတန(နိုင်)၁၁၂၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင် စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသန်းလှိုင်** | **ဒေါ်သိဂီစိုး(LL.B,D.B.L, D.I.L,D.I.P.L,D.M.L)** |
| **[၁၁/ကတန(နိုင်)၁၁၂၇၄]** | **အထက်တန်းရှေ့နေ (စဉ်–၃၅၉၄၈)** |

**အမှတ်(၃၁/A)၊ မြေညီထပ်(B)၊ ကန်လမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၁၈၆၃၈၈**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ – ၂၀)**

**မင်္ဂလာဒုံခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၃**

| | | |
|---|---|---|
| ဦးမြင့်ထွန်း | နှင့် | Xing Le Leather Goods Company Limited |
| **( တရားလို )** | | **( တရားပြိုင် )** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၃)ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ်(၃၄၆)နေ တရားပြိုင် Xing Le Leather Goods Company Limited (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ–၃၉အရ (၁၅–၂–၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူအဆောက်အဦး ငှားရမ်းခြင်းသဘောတူစာချုပ်နှင့် (၁၅–၂–၂၀၂၀)ရက်စွဲပါမြေနှင့် အဆောက်အဦး ငှားရမ်းခြင်း သဘောတူစာချုပ်အား ပယ်ဖျက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ (၂၆)ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်နေ့) နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( စန္ဒာအေး )**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက် ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။ ...**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

---

# ကေလာသတောင်ကြီးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၂၀၆ ဧကရှိသော နယ်မြေကို **"ကေလာသတောင် ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၆ /၂၀၂၄) အရ ၁၃၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆**



ကေလာသတောင်ကြီးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

---

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ"ကို ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ယနေ့ ဖတ်စရာ


ဒီနှစ် Grade-12 တက်ရောက်ကြမယ့် မောင်ငယ်၊ ညီမငယ်တွေကိုလည်း နှစ်စကနေစပြီးတော့ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုတွေကို လေ့လာကျက်မှတ်ပြီး ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ် စာမျက်နှာ » ၁၁

အစွဲရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကြောင့် ပါလက်စတိုင်း အားကစားသမားများ၊ ဒိုင်လူကြီးများနှင့် အားကစားအရာရှိ ၃၀၀ ကျော် သေဆုံး စာမျက်နှာ » ၁၃

ဆီဆိုင်ဒေသခံ ၆၀ နီးပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ စာမျက်နှာ » ၁၅


---

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုမဲခွဲ

ရန်ကုန် ဇွန် ၁၃

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကို ဇွန် ၁၃ ရက်ကကျင်းပရာ မြန်မာအသင်း အုပ်စု(I)တွင် ကျရောက်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪

